မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၅)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို **စာမျက်နှာ ၁၁ ကော်လံ ၁** ■



မသန်စွမ်းအားကစားပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက် (ယနေ့)ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပသွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၄ ကော်လံ ၃ ◆

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို အားကစားဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဥယျာဉ်အတွင်းရှိ စာမျက်နှာ ၇ ကော်လံ ၄ ❑




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်)

## ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကိုဖော်ဆောင်စို့

အဂတိလိုက်စားမှုသည် ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပေါ်နေသောအကျင့်ပျက်ခြစားမှုဖြစ်သည်။ အဂတိလိုက်စားမှုရှိနေခြင်းမှာ နိုင်ငံတစ်နိုင်ငံ၏ဘက်ပေါင်းစုံတိုးတက်မှုကို ထိခိုက်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင်အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် အဆိုပါကွန်ဗင်းရှင်းသို့ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၃(က)(၁)တွင်"မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှလက်ခံခြင်း၊ ရယူခြင်းနှင့်ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အချိန်အထိ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း နည်းလမ်းသုံးသွယ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာရုံးများတွင် အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိသည်။ အဂတိလိုက်စားမှုပပျောက်ရေးတွင် အသိပညာပေးဆောင်ရွက်မှုသည် အခြေခံအကျဆုံးသောလိုအပ်ချက်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူကလေးအရွယ်မှစတင်ကာ အဂတိလိုက်စားမှုအလေ့အထကို ရွံရှာမုန်းတီးဖွယ်ကောင်းသော၊ ရှက်ဖွယ်ကောင်းသောကိစ္စရပ်အဖြစ် အသိရှိထားလျှင် နောင်တစ်ချိန်နိုင်ငံ့တာဝန်ထမ်းဆောင်သည့်အခါ အဂတိလိုက်စားမှုကိုရှောင်ကြဉ်ကြမည်ဖြစ်သည်။

တစ်ဦးတစ်ယောက်ချင်းမှသည် အစုအဖွဲ့အဆင့်၊ ထိုမှနိုင်ငံလုံးဆိုင်ရာအဆင့်အထိ တစ်ဆင့်ချင်းတက်လှမ်း၍ အဂတိ၏ သဘောသဘာဝဆိုးကျိုးများကိုသိမြင်ကာ ရှောင်ကြဉ်ကြမည်ဆိုလျှင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပီပီပြင်ပြင်အကောင်အထည်ဖော်နိုင်ရန်မှာ ပြည်သူတစ်ရပ်လုံးကပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိပေလိမ့်မည်။ ဆိုလိုသည်မှာ တံစိုးလက်ဆောင်ပေးသူမရှိပါက တံစိုးလက်ဆောင်ကိုလက်ခံသူလည်းရှိမည်မဟုတ်ပေ။ ဝန်ထမ်းသည်လည်း ဝန်ထမ်းအလျောက် မိမိတာဝန်ကိုကျေပွန်စွာဆောင်ရွက်ရမည်ဆိုသည့်အသိစိတ်ဖြင့် ဆောင်ရွက်ခြင်းမှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ မိမိကိုယ်ကိုမိမိဂုဏ်ယူခြင်း၊ မိမိအလုပ်ပေါ်တန်ဖိုးထားခြင်းစိတ်များရှိလာလျှင် အဂတိလိုက်စားမှုလျော့နည်းမည်ဖြစ်သည်။

အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့်အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအားထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့်အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးတိုးတက်လာစေရန်ရည်မှန်းချက်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် လူကြီးများဖြစ်ကြပြီး နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများအား အသိပညာပေးနေခြင်းမှာ လွန်စွာကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဖြစ်ပေရာ လူငယ်များ၏အရေးပါမှုကို ညွှန်းဆိုခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလွယ်ကူလျင်မြန်စွာဝင်ရောက်နိုင်ရေးတို့ကိုထိခိုက်စေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်တာဝန်ကို ဦးဆောင်ထမ်းရွက်နေစဉ် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ထွန်းလာစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့်အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးတို့ကို ဘက်ပေါင်းစုံကဆောင်ရွက်လျက်ရှိသည်။ **"အဂတိပယ်ခွာပြည်သာယာ"** ဆိုသည့်အတိုင်း "ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်စို့" ဟူ၍ ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁၂-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၆:၀၃ | တရားတော် |
| ၃။ | ၀၇:၁၆ | မေတ္တာပို့ |
| ၄။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၈:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၀၈:၂၀ | ရှေးဟောင်းသုတ |
| ၇။ | ၀၈:၄၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈။ | ၁၀:၁၅ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၉။ | ၁၀:၂၅ | မေးမြန်းစူးစမ်း |
| ၁၀။ | ၁၀:၅၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၁၁။ | ၁၂:၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂။ | ၁၃:၄၅ | စာဆိုစစ်သည်တပ်မတော်ဂုဏ်ရည် |
| ၁၃။ | ၁၄:၀၀ | ဇာတ်လမ်းတို |
| ၁၄။ | ၁၆:၂၀ | စိုက်ပျိုးသုတ |
| ၁၅။ | ၁၆:၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၁၆။ | ၁၆:၄၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၇။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၈။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၉။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ** |
| | | **ဒါနဥ္စ၊ ဓမ္မစရိယာ** |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## ပြိုင်ပွဲဝင်ကလေးတွေအတွက်ကတော့ ဒီလိုပွဲမျိုးတွေ များများလုပ်ပေးခြင်းအားဖြင့် ဘက်ပေါင်းစုံတော်တဲ့ကလေးတွေဖြစ်လာမယ်။ အမျိုးသားအားကစားပွဲတော်ကို နှစ်စဉ်နှစ်တိုင်းဖြစ်မြောက်အောင်ကျင်းပပေးနိုင်ရင် မျိုးဆက်သစ်လူငယ်တွေအတွက် စဉ်ဆက်မပြတ်လေ့ကျင့်ကြိုးစားနိုင်တဲ့အနေအထားတွေရှိလာမယ်လို့ထင်ပါတယ်။

ဦးအောင်ကြည်ဝင်း(ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး)

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကျင်းပလျက်ရှိရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုအသင်းနည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်-**


ဦးအောင်ကြည်ဝင်း


ဒေါ်မြနှင်းထွေး


မမြိုးသူ


မောင်ပြည့်စုံအောင်


ဒေါ်သန်းရွှေမှာ


မပပဝင်းခင်


မောင်ကျော်ဇင်ထိုက်

**ဦးအောင်ကြည်ဝင်း**
**ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး**

ရှမ်းပြည်နယ်ကိုယ်စားပြု ဘတ်စကက်ဘောအသင်း ရွှေတံဆိပ်ဆုရတော့ ဝမ်းသာလို့မဆုံးပါဘူး။ ရှမ်းပြည်နယ်အောင်နိုင်ရေးကော်မတီဝင်ဖြစ်တာနဲ့အညီ ရှမ်းပြည်နယ်အောင်နိုင်ရေးအတွက်အားကစားသမားတွေ အားရှိအောင်ဆိုပြီး ကစားနည်းမျိုးစုံလိုက်ပြီး လာရောက်အားပေးချီးမြှောက်တာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘတ်စကက်ဘောအသင်းရော ရန်ကုန်အသင်းပါ လက်ရည်တူ၊ အရည်အချင်းတူတော့ တစ်မှတ်ရဖို့တောင် အတော်လေးကြိုးစားရတယ်။ အမှတ်နည်းတဲ့အခါ နှလုံးရောဂါတောင်ရမလားလို့ အဲဒီလောက်ခံစားရတယ်။ နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့ အားကစားနည်းမျိုးစုံပါဝင်တဲ့ အမျိုးသားအားကစားပွဲတော် ကျင်းပပေးတာဖြစ်လို့ အခုပြိုင်ပွဲမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အနေနဲ့ အားကစားနည်း ၂၃ မျိုးစလုံး ပါဝင်ယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေအတွက်ကတော့ ဒီလိုပွဲမျိုးတွေ များများလုပ်ပေးခြင်းအားဖြင့် ဘက်ပေါင်းစုံတော်တဲ့ကလေးတွေဖြစ်လာမယ်။ အမျိုးသားအားကစားပွဲတော်ကို နှစ်စဉ်နှစ်တိုင်းဖြစ်မြောက်အောင် ကျင်းပပေးနိုင်ရင် မျိုးဆက်သစ်လူငယ်တွေအတွက်စဉ်ဆက်မပြတ်လေ့ကျင့်ကြိုးစားနိုင်တဲ့အနေအထားတွေရှိလာမယ်လို့ထင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ နှစ်စဉ်နှစ်တိုင်းပုံမှန်ကျင်းပပေးဖို့ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း အခုကျင်းပနေတဲ့ အမျိုးသားအားကစားပွဲတော်ကြီးဟာ အဆင့်အတန်းမြင့်မားတဲ့ပွဲတော်ဖြစ်တဲ့အတွက် အမျိုးသားအားကစားပွဲတော်ကို လာရောက်ကြည့်ရှုအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်မြနှင်းထွေး**
**ဘတ်စကက်ဘောအသင်းအုပ်ချုပ်သူ**
**ရန်ကုန်တိုင်းဒေသကြီး**

ကျွန်မတို့ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ တိုင်းအားကစားပွဲတော်အဖြစ်ဘတ်စကက်ဘောပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပပါတယ်။ ဘတ်စကက်ဘောမှာ ခရိုင်ရှစ်သင်းပါဝင်ယှဉ်ပြိုင်ပါတယ်။ အဲဒီပြိုင်ပွဲကနေ အကောင်းဆုံးကစားသမားတွေကို ရွေးချယ်ပြီး ရွေးချယ်ထားတဲ့ကစားသမားတွေကို အောက်တိုဘာလ ၄ ရက်နေ့ကစပြီး စခန်းသွင်းလေ့ကျင့်ပါတယ်။ လေ့ကျင့်ပြီးမှ အားလုံးစုစည်းပြီး ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက် အလွန်ဝမ်းသာတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက် အားကစားနည်းအလိုက် မျိုးဆက်သစ်အားကစားသမားတွေလည်း ထွက်ပေါ်လာတယ်။ သူတို့အတွက် ပွဲအတွေ့အကြုံတွေရတယ်။ ကစားသမားအချင်းချင်း ချစ်ကြည်မှုတွေရမယ်။ ဒီအချိန်မှာ တိုင်းရင်းသားတွေလည်း ပေါင်းဆုံပြီး ချစ်ကြည်ရင်းနှီးမှုတွေရမယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက အားကစားသမားတွေရဲ့ကစားပုံကစားနည်းအတွေ့အကြုံတွေဖလှယ်ခွင့်ရမယ်။ မျိုးဆက်သစ်အားကစားသမားတွေအတွက် အတွေ့အကြုံတွေရပြီး အခွင့်အလမ်းတွေလည်း ရမယ်။ အခုလို အမျိုးသားအားကစားပြိုင်ပွဲကြီးမှာလာရောက်ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူမိပါတယ်။

**မမြိုးသူ**
**အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲဝင်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ပြည်နယ်နှင့်တိုင်းဒေသကြီးအသက် ၂၅ နှစ်အောက် အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အခုအနိုင်ရရှိခဲ့တာက ကွာတားဖိုင်နယ်ဆိုတော့ ဆုတံဆိပ်ရဖို့ နောက်ထပ်နှစ်ပွဲယှဉ်ပြိုင်ကစားရမှာဖြစ်တဲ့အတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်ဖို့ ကြိုးစားရဦးမှာပါ။ လေ့ကျင့်ရတာအချိန်တွေ အများကြီးပေးရတယ်။ ဝိတ်လျှော့ရတဲ့အခါကျတော့ တခြားပြိုင်ပွဲဝင်တွေနဲ့စာရင် ပိုပင်ပန်းပါတယ်။ ဝိတ်လည်းချရတယ်။ ပြိုင်ပွဲမှာ အနိုင်ရချင်တော့ သူများနားတဲ့အချိန် မနားရတော့ ပိုပင်ပန်းပါတယ်။ အရင်တုန်းကလည်း လက်ဝှေ့ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖူးပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတို့၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတို့မှာ ဝင်ပြိုင်ဖူးပါတယ်။ အဲဒီပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေရရှိခဲ့ပါတယ်၊ အခုအမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်ရတာအများကြီးပျော်ပါတယ်။ ကျွန်တော်တို့ရဲ့ စီနီယာတွေဆီကလည်း အတွေ့အကြုံတွေ အများကြီးရပါတယ်၊ နောင်တက်လာမယ့်မျိုးဆက်သစ်တွေကိုလည်း အတွေ့အကြုံတွေအများကြီးပြန်ဖလှယ်ပေးလို့ရတာပေါ့။ ဒါကြောင့် ဒီပွဲကြီးကျင်းပပေးတာကို အများကြီးကျေးဇူးတင်ပါတယ်။

**မောင်ပြည့်စုံအောင်**
**ဘော်လီဘောပြိုင်ပွဲဝင်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ပြိုင်ပွဲအတွေ့အကြုံကတော့ အများကြီးယှဉ်ပြိုင်ဖူးပါတယ်။ အခုကျင်းပနေတဲ့ နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်ပြည်နယ်နဲ့တိုင်းဒေသကြီးအသင်းတော်တော်များများက ပြိုင်ပွဲမှာ အောင်မြင်မှုရှိဖို့ ကြိုတင်လေ့ကျင့်လာတာဆိုတော့ ပြိုင်ဘက်အသင်းတိုင်းကလည်းကောင်းပါတယ်၊ ဘယ်အသင်းကိုမှ လျှော့တွက်လို့မရပါဘူး။ ပြီးခဲ့တဲ့ပွဲတွေမှာလည်း အတော်လေးကြိုးစားပြီး ယှဉ်ပြိုင်ကစားခဲ့လို့သာအနိုင်ရခဲ့တာပါ။ ဒီနေ့ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပဲခူးတိုင်းဒေသကြီးအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲနဲ့ဆိုရင် သုံးပွဲအထိ နိုင်ပွဲရရှိထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အခုလိုပြိုင်ပွဲတွေကျင်းပပေးတာ အားကစားကို စိတ်ဝင်စားတဲ့ ကျွန်တော်တို့လို လူငယ်တွေအတွက် အများကြီးအကျိုးရှိပါတယ်၊ သက်တမ်းလိုက်ပြိုင်ပွဲတွေ ကျင်းပပေးတော့ အနာဂတ်မျိုးဆက်သစ်လူငယ်အားကစားသမားတွေ အများကြီးပေါ်ထွက်လာမှာဖြစ်ပါတယ်။

**ဒေါ်သန်းရွှေမှာ**
**တင်းနစ်အားကစားအုပ်ချုပ်သူ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခုကျင်းပလျက်ရှိတဲ့ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှာ ရှမ်းပြည်နယ်ကိုယ်စားပြု တင်းနစ်အားကစားအုပ်ချုပ်သူအနေနဲ့ လာရတာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘတ်စကက်ဘောအသင်းက နောက်ဆုံးဗိုလ်လုပွဲ တက်ခဲ့တာမို့ လာရောက်အားပေးတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကလာတဲ့ အားကစားသမားတွေအကုန်လုံးကလည်း ဗိုလ်လုပွဲဖြစ်တာကြောင့် ဒီပွဲကိုလာရောက်အားပေးကြပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ရှမ်းပြည်နယ်ကိုယ်စားပြု လာရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ လူငယ်ကစားသမားတွေကလည်း အမျိုးသားအားကစားပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် အားမချန်ဘဲ ယှဉ်ပြိုင်ကြတာကို တွေ့ရတယ်၊ အခုလည်း ရှမ်းပြည်နယ်ကိုယ်စားပြု အားကစားသမားတွေကို ရှမ်းပြည်နယ်ကနေ လာရောက်အားပေးကြဖို့အတွက်လည်း ဝင်ခွင့်တွေ လုပ်နေကြတယ်။ ဒီပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် ဒီပြိုင်ပွဲကြီးမှာ ပါဝင်ကစားဖို့ အခွင့်မသာသေးတဲ့ကလေးတွေလည်း ကြိုးစားချင်စိတ်တွေရှိလာမှာဖြစ်သလို ပါဝင်ယှဉ်ပြိုင်ကစားတဲ့ကလေးတွေအတွက်လည်း အားတက်စရာဖြစ်လာမှာဖြစ်ပြီး ပိုပြီးကြိုးစားချင်စိတ်ရှိလာကြမှာဖြစ်ပါတယ်။

**မပပဝင်းခင်**
**အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲဝင်**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

အခုလို နိုင်ငံတော်အဆင့် ကျင်းပတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ရခိုင်ပြည်နယ်ကိုယ်စားပြု အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် နှစ်လကျော်ကျော်လောက် စခန်းသွင်းလေ့ကျင့်ခဲ့ရပါတယ်၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲတွေမှာ တစ်ခါမှ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးတာတော့မရှိခဲ့ပါဘူး။ အခုအကြိမ်က ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်းဂုဏ်ယူတယ်။ ဒီပြိုင်ပွဲကနေ မျိုးဆက်သစ်တွေ အများကြီးထွက်ပေါ်လာမယ်လို့လည်း ယုံကြည်ပါတယ်၊ အသက် ၂၀ အတွင်းမှာအခုလို နိုင်ငံတော်အဆင့်ကျင်းပတဲ့ အမျိုးသားအားကစားပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ရမယ်လို့မထင်မိပါဘူး။ အခုလို ပါဝင်ခွင့်ရတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**မောင်ကျော်ဇင်ထိုက်**
**ဘတ်စကက်ဘောပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်ကိုယ်စားပြု ဘတ်စကက်ဘောအသင်းနဲ့အတူ ရွှေတံဆိပ်ဆွတ်ခူးနိုင်တဲ့အတွက် အများကြီးဝမ်းသာဂုဏ်ယူပါတယ်။ ဒီလိုမျိုးပြိုင်ပွဲဝင်နိုင်ဖို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးက ရှမ်းပြည်နယ်ကို ကိုယ်စားပြုနိုင်တဲ့ ကစားသမားတွေစုပြီး စည်းစည်းလုံးလုံးနဲ့ နှစ်လလောက်လေ့ကျင့်ခဲ့ရပါတယ်။ လာမယ့်အနာဂတ်လူငယ်တွေလည်း အများကြီးကြိုးစားကြပါလို့ ပြောချင်ပါတယ်၊ ဒီအားကစားဟာ အသင်းအဖွဲ့ စိတ်ဓာတ်အပြည့်နဲ့ ယှဉ်ပြိုင်ရတာဖြစ်လို့ ကျွန်တော် အသက် ၂၃ နှစ်ရှိတဲ့အချိန်နဲ့ ပြိုင်ပွဲကျင်းပတဲ့အချိန်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော့်အနေနဲ့ အလွတ်တန်းပြိုင်ပွဲတွေရှိရင် ဆက်လက်ကစားဖို့ ရည်ရွယ်ထားပါတယ်၊ ကိုယ်တိုင်ပါဝင်ကစားခွင့်မရှိတဲ့ပွဲတွေဆိုရင် ပါဝင်ကစားခွင့်ရတဲ့ ကစားသမားတွေကို တတ်နိုင်တဲ့ဘက်ကနေ အထောက်အပံ့ပေးသွားမှာပါ။ နောင်လာမယ့်မျိုးဆက်သစ်တွေအနေနဲ့လည်း ကျွန်တော်တို့လို ရှမ်းပြည်နယ်ကိုယ်စားပြုကစားသမားဘဝကနေ နိုင်ငံအတွက် အကျိုးပြုနိုင်တဲ့ကစားသမားတွေဖြစ်စေချင်တဲ့စိတ်လည်း ရှိပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

တောင်ဥက္ကလာပသို့အရောက်တွင် ကေကုမာလာကွေ့မှတ်တိုင်ကနေ သုမင်္ဂလာလမ်းသို့လှည့်ဝင်ပြီး နန္ဒဝန်ဈေးရှေ့မှတစ်ဆင့် တောင်ဥက္ကလာပ စာတိုက်မှတ်တိုင်အရောက်တွင် သစ္စာလမ်းမကြီးအတိုင်း ရန်ကင်းစာတိုက်မှတ်တိုင်သို့ရောက်သည်။ ယင်းမှ ၁၂ လုံးတန်း၊ ရန်ကင်းဈေးကွေ့ဘက်သို့ရောက်ပြီး တာမွေအဝိုင်းကြီးမှတစ်ဆင့် ဆူးလေအထိရောက်သည်။ ကျွန်တော်က အဆိုပါနန္ဒဝန်ဈေး၊ ရန်ကင်းစာတိုက်မှတ်တိုင်များပါ ပြေးဆွဲနေသော (၄၃) ကားကို စီးရမည်ဖြစ်သည်။

နောက်မှသိရသည်မှာ စက်မှု(၁)လမ်းက မောင်းနေသော (၄၃) ကားအမှတ်စဉ်ဂဏန်း (၄၃) ကို အဖြူရောင်ဖြင့်ရေးထားသဖြင့် (၄၃) အဖြူဟူ၍လည်းကောင်း၊ နန္ဒဝန်ဈေး၊ ရန်ကင်းစာတိုက်ဘက်က ပတ်မောင်းသောကားမှာ ရေးမှတ်ထားသော (၄၃) ဂဏန်းများကို အစိမ်းရောင်ဖြင့် ရေးထားသဖြင့် (၄၃) အစိမ်းဟူ၍ မှတ်သားရကြောင်း ယေဘုယျနားလည်မိပါသည်။ အမှန်တော့ (၄၃) ကားနှစ်စီးစလုံးတွင် ခရီးစဉ်ကားမှတ်တိုင်များကို ရေးပြထားပြီးဖြစ်သည်။ ကျွန်တော်၏ လေ့လာထားမှုအားနည်းချက်ကြောင့်ဟုပဲ ခံယူမိပေသည်။ ဤတွင် မမေ့မလျော့မှတ်ထားသင့်သော စကားစုနှစ်စုကိုလည်း အာရုံထဲစွဲမှတ်ထားလိုက်မိပါတော့သည်။ "အသေးအဖွဲ့ကိစ္စဟူသည်မရှိ၊ အရာရာကို အလေးအနက်ထားပါ" ဟူသော စကားစုများပင်ဖြစ်ပါတော့သည်။

● ● ● ● ● ● ●

ကျွန်တော်သည် လူနေသည့်အရပ်ဒေသ မည်သည့်နေရာသို့ပင်ရောက်နေပါစေ ကျွန်တော်တွေ့လိုရှာသည့်၊ မြင်လိုရှာသည့်အရာမှာ စာအုပ်စာပေပင်ဖြစ်သည်။ စာအုပ်အငှားဆိုင်၊ စာကြည့်တိုက်ရှိသောနေရာဆိုပိုကြိုက်သည်။ ခု ကျွန်တော်ရောက်နေသည့်ရပ်ကွက်၌ လက်သင့်ရာရာကို ကျွန်တော်စုံစမ်းကြည့်လိုက်ချိန်မှာ ကျိုက္ကဆံရပ်ကွက် ကြောင်မျက်ရှင်လမ်းတွင် စာအုပ်အငှားဆိုင်ရှိသည်ဟု သိရသဖြင့် အားလပ်ရက်တစ်နေ့မှာ ကျွန်တော်လျှောက်ကြည့်လိုက်သည်။ ငမောက်လမ်းအတိုင်းပဲ ဆက်လျှောက်လိုက်ရာ စာအုပ်အငှားဆိုင်ကိုတွေ့လိုက်ရပါတော့သည်။

ကျွန်တော်သည် လုံးချင်းစာအုပ်များထက် မဂ္ဂဇင်းများကို ဦးစားပေး ဖတ်ရှုလေ့လာလေ့ရှိသည်။ မဂ္ဂဇင်းများကို တစ်မျိုးပြီးတစ်မျိုး ရှာဖွေကြည့်သည်။ ဖတ်ချင်သည့်စာအုပ်ကိုရွေးသည်။ ကျွန်တော် လစဉ်ရေးနေသည့် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းက ပိုများသည်။ ပန်းရောင်လှလှမျက်နှာဖုံးပုံနှင့် သပြေတေးမဂ္ဂဇင်းဆိုသည်ကိုတွေ့၍ ကျွန်တော်လှမ်းယူပြီး စာအုပ်ရှေ့ဖုံးကိုဖွင့်ကြည့်လိုက်ရာ မမျှော်လင့်သောအဖြစ်ကြောင့် ကျွန်တော် ဟဒယနှလုံးသားကို ပန်းဝတ်မှုန်ကြဲသည်သို့ ဖြစ်သွားရှာပေ၏။ အကြောင်းသော်ကား မဂ္ဂဇင်းရှေ့ဖုံး၏အောက် အဖွင့်ကဗျာခန်း၏ ရှေ့ဆုံးစာမျက်နှာတွင် ကျွန်တော် (ကျွန်းစဉ်မြေစောခက်) ၏ "မြန်မာ့သပြေ" ဟု အမည်ပေးပြီးရေးဖွဲ့ထားသော ကဗျာပေတည်း။ ၂၀၀၁ ခုနှစ် မေလထုတ် သပြေတေးမဂ္ဂဇင်းပင်ဖြစ်ပါသည်။ မည်သည့်အချိန်ကပင် ကျွန်တော်ပို့ထားခဲ့လေသည် မမှတ်မိတော့ချေ။ မေ့တောင်မေ့ချင်နေပြီ။ ခုလို မမျှော်လင့်ဘဲတွေ့လိုက်ရတော့ ပျော်လိုက်သည်မှာ ပြောမပြတတ်အောင်ပါပဲ။

နေ့လယ်လောက်တွင် မဂ္ဂဇင်းပါလိပ်စာအတိုင်း မြို့ထဲသို့သွားပြီး မေတ္တာလက်ဆောင် စာအုပ်နှင့် စာမူခကိုထုတ်ယူခဲ့လေသည်။ မှတ်မှတ်ရရပြောရလျှင် အဖွင့်ကဗျာ (၁)အတွက် စာမူခရရှိငွေမှာ ၂-ကျပ်ဟူ၍ဖြစ်ပါလေသည်။

ကျွန်တော် ဗဟန်းမြို့နယ်သို့ရောက်ပြီး စာအုပ်စာပေနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်လိုစိတ်ပြင်းပြနေခဲ့ပေသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှာ မိခင်စာပေဌာနဟုလည်း ကျွန်တော်ခံယူထားသည်။ ငါးထပ်ကြီးဘုရားအနီးမှာရှိသည်ဟု ယေဘုယျသိလိုက်ရသည်။ ဤတွင် ကျွန်တော် ပြန်ကြားရေးဝန်ကြီးဌာနစာကြည့်တိုက်သို့ ရောက်ရှိရေးအတွက် ကြံစည်ရတော့သည်။ ကျွန်တော် ရန်ကုန်ရောက်စကဆိုလျှင် တော်ရုံကိစ္စနှင့် ကားမစီး၊ ခြေကျင်ပဲလျှောက်သည်။ ဤတွင် ကျွန်တော် ရွှေဥဒေါင်းတော်စူးရောက်လိုက်တော့သည်။ ကျွန်တော် ခါတိုင်းသွားနေကျ ရတနာလမ်းအတိုင်း အပေါ်ပိုင်းသို့ ဆက်လျှောက်လိုက်သည်။ ငမောက်ဈေးသို့မရောက်မီ ဈေးနှင့်ကပ်လျက် လက်ဝဲခြမ်းက တောင်တက်လမ်းလေးရှိသည်။ ကျွန်တော် တောင်တက်လမ်းလေးအတိုင်း လျှောက်တက်လိုက်သည်။ ဆင်ခြေလျှောတောင်ခြေသို့အရောက်တွင် လူနေအိမ်ခြေပါးပါးလေးသာရှိတော့သည်။ ရှေ့ဘက် ခပ်လှမ်းလှမ်းကုန်းမြင့်ပေါ်မှာတော့ ခြောက်ထပ်ကြီးဘုရားရှိလေသည်။ ကျွန်တော် ခြောက်ထပ်ကြီးလျောင်းတော်မူဘုရားကြီးကို ဝင်ရောက်ဖူးမြော်လိုက်သည်။ ယင်းမှထွက်ပြီး အရှေ့ရွှေဂုံတိုင်လမ်းသို့ ဆင်းကာ လမ်းတစ်ဖက်ကမ်းသို့ လှမ်းကြည့်လိုက်ရာ ဗဟန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဆိုသည်ကို လှမ်းတွေ့လိုက်ရပါတော့သည်။ ကျွန်တော် ရွှေဂုံတိုင်လမ်းကိုဖြတ်ကူးပြီး ပြန်ကြားရေးရုံးသို့ လျှောက်သွားလိုက်၏။ အဆောက်အအုံမှာ ချောက်ထဲ၌ဆောက်ထားသလိုဖြစ်နေ၍ လမ်းကမ်းနဖူးက တံတားလေးထိုးထားသည်။ တံတားလေးကိုဖြတ်လျှောက်ပြီး ကျွန်တော် ရုံးအတွင်းသို့ လှမ်းဝင်လိုက်သည်။ မြို့နယ်ဦးစီးမှူးဟုရေးထားသော စာတန်းနောက်က ထိုင်နေသူ အမျိုးသမီးကိုလှမ်းကြည့်လိုက်ရာ ကျွန်တော့်ရင်ထဲ အမျိုးအမည်မဖော်ပြတတ်သောခံစားချက်တစ်ရပ် ချက်ချင်းဖြစ်ပေါ်သွားသည်။

ကျွန်တော် သူမကိုလှမ်းမြင်ပြီး ချက်ချင်း သူမစားပွဲနားသို့ လျှောက်သွားလိုက်သည်။ ဦးစီးအရာရှိသည် ကျွန်တော့်ကိုလှမ်းကြည့်၏။ သူ့မျက်နှာတွင်လည်း အံ့သြသွားသလိုအခင်းအကျင်းမျိုးကို ကျွန်တော်မြင်လိုက်ရသည်။

"ဒေါ်အေးလှိုင် ကျွန်တော့်ကိုမမှတ်မိဘူးလား"

"မှတ်မိတယ်လေ၊ ဟိုတစ်ခါ ဆယ်တန်းအောင်ခဲ့ကြတုန်းက ကျောင်းဆရာခန့်ဖို့ဟာ အသက် ၂၅ နှစ်အထက်ကျော်နေလို့ ကျောင်းဆရာမခန့်ဖြစ်တာမှာ ပါတာမဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်တော် ဘညွန့်လေဗျာ"

"ဟုတ်ပါရဲ့၊ သရက်တောင်က ကိုဘညွန့်ပဲ"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ဆယ်တန်းကိုပြန်ဖြေတာ အဆင်ပြေသွားလို့ ၁၉၇၉ ခုနှစ်မှာပဲ ကျောင်းဆရာဖြစ်သွားတာလေ၊ လုပ်သက် ၂၀ တောင်ကျော်နေပြီ၊ ခု ဒဂုံ(တောင်)ကို ကျောင်းအုပ်နဲ့ပြောင်းလာတာဗျ"

"ဟာ ဝမ်းသာလိုက်တာရှင်၊ ကျွန်မလည်း မြေပုံကနေ အင်းစိန်ကို ရာထူးတိုးပြီးပြောင်းလာတာ၊ ခုတစ်ခါ ဒီဗဟန်းမြို့နယ် ပြောင်းလာရတယ်။ မိသားစုကတော့ ရွှေပြည်သာမှာပဲရှင့်။ သမီးလေးနှစ်ယောက်ရှိတယ်။ အမျိုးသားလည်း ကျောက်ဖြူမြို့နယ်ကပဲ ကိုယ့်ရခိုင်သား၊ သူကတော့ အထက်တန်းရှေ့နေပေါ့"

"ကောင်းပါတယ်ဗျာ၊ မမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ ဘဝဆိုတာဒီလိုပါပဲ၊ မမျှော်လင့်တာတွေလည်းဖြစ်လာတတ်ကြတယ်လေ"

ကျွန်တော်တို့နှစ်ယောက်စလုံး ၁၉၇၇ ခုနှစ်ကအဖြစ်ကို ပြန်လည်မြင်ယောင်ရင်း ရယ်ရမလို ငိုရမလိုလည်းဖြစ်ရသည့်ပုံပါပဲ။ ကျွန်တော် ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အသင်းဝင်အဖြစ် လျှောက်ထားလိုက်ပြီး ဖတ်လိုသည့်စာအုပ်တချို့ကို ငှားယူခဲ့လေသည်။ ဗဟန်းမြို့နယ် ပြန်ကြားရေးဌာနနှင့် လမ်းစရသွားပြီဖြစ်၍ အချိန်လုပြီးလမ်းလျှောက်ရင်း ကျွန်တော်စာအုပ်ငှားဖတ်ဖြစ်နေပေတော့သည်။

"ဘဝဟူသည် ကိုယ်ကျင်လည်ရာ၊ ပျော်သည်သာတည့်" ဟုဆိုစကားအတိုင်း စာအုပ်စာပေများသည်ကား ကျွန်တော့်အတွက် မိတ်သာမက အဆွေခင်ပွန်းကြီးဖြစ်နေပေတော့သည်။

● ● ● ● ● ● ●

**ဆက်လက်ဖော်ပြပါမည်။**

**"ကျွန်တော်သည် လုံးချင်းစာအုပ်များထက် မဂ္ဂဇင်းများကို ဦးစားပေး ဖတ်ရှုလေ့လာလေ့ရှိသည်။ မဂ္ဂဇင်းများကို တစ်မျိုးပြီးတစ်မျိုး ရှာဖွေကြည့်သည်။ ဖတ်ချင်သည့်စာအုပ်ကိုရွေးသည်။ ကျွန်တော် လစဉ်ရေးနေသည့် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းက ပိုများသည်။ ပန်းရောင်လှလှမျက်နှာဖုံးပုံနှင့် သပြေတေးမဂ္ဂဇင်းဆိုသည်ကို တွေ့၍ ကျွန်တော်လှမ်းယူပြီး စာအုပ်ရှေ့ဖုံးကို ဖွင့်ကြည့်လိုက်ရာ မမျှော်လင့်သောအဖြစ်ကြောင့် ကျွန်တော် ဟဒယနှလုံးသားကို ပန်းဝတ်မှုန်ကြဲသည်သို့ ဖြစ်သွားရှာပေ၏. . ."**

# ပြည်ပမှ ဝယ်လိုအားများလာခြင်းကြောင့် မြန်မာ့ပြောင်းဆန်များ ယခုရက်ပိုင်းတွင် အရောင်းအဝယ်သွက်လာ



ရန်ကုန် ဒီဇင်ဘာ ၈

ပြည်ပမှ ဝယ်လိုအားများလာခြင်းကြောင့် မြန်မာ့ပြောင်းဆန်များ ယခုရက်ပိုင်းတွင် အရောင်းအဝယ်သွက်လာကြောင်း ပြည်တွင်းရှိ ပြောင်းကုန်သည်များ၏ပြောဆိုချက်အရ သိရသည်။

မြန်မာ့ပြောင်းဆန်ကို ထိုင်းနိုင်ငံသို့ နှစ်စဉ် ဖေဖော်ဝါရီလဆန်းပိုင်းမှ ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နေရပြီး လက်ရှိတွင် အခွန်ကင်းလွတ်ခွင့်ဖြင့်တင်ပို့သော ရာသီမဟုတ်သည့်အတွက် ပြောင်းတင်ပို့မှုများ ယာယီရပ်နားထားရသော်လည်း တခြားသော ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အိန္ဒိယ စသည့်နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြောင်းတင်ပို့မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

"ဒီရက်ပိုင်းမှာ ပြောင်းဆန်တွေကို ပြည်ပတင်ပို့ဖို့အတွက် ပြည်တွင်းက ကုန်သည်တွေက ဝယ်ယူမှုမြင့်တက်လာတာ တွေ့ရပါတယ်။ တရုတ်နိုင်ငံကိုလည်း မြန်မာ့ပြောင်းဆန်တွေ ပြန်လည်တင်ပို့ဖို့ ကုန်သည်တွေက ဝယ်ယူစုဆောင်းလာကြတဲ့အတွက် ဒီရက်ပိုင်းမှာ ပြောင်းဆန်တွေ ဝယ်လိုအားမြင့်တက်လာပြီး အရောင်းအဝယ်သွက်နေတာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ရှိပြောင်းကုန်သည်တစ်ဦးကပြောသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်၌ ပြောင်းအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။

အစေ့ထုတ်ပြောင်း စိုက်ပျိုးမှုကို ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အများဆုံးတွေ့ရပြီး အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖူးစားပြောင်းများကိုလည်း အများအပြားစိုက်ပျိုးကြကြောင်း သိရသည်။ **ဆောင်းဦး**

# ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



မသန်စွမ်း အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



မသန်စွမ်း အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့ ယှဉ်ပြိုင်စဉ်။



မသန်စွမ်းအမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



မသန်စွမ်းအမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



မသန်စွမ်း အမျိုးသမီး လှံတံပစ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။



မသန်စွမ်း အမျိုးသား လှံတံပစ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။



မသန်စွမ်း အမျိုးသား သံပြားပစ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြှိမ်းသတ်နည်းသရုပ်ပြသ





မြောင်းမြ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၃)ရပ်ကွက် မြသာယာဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာလ ၈ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါသရုပ်ပြမှုကို မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ညွှန်ကြားမှုဖြင့် မြောင်းမြခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးဆောင်၍ ဈေးအတွင်း၊ အပြင်ရှိဈေးဆိုင်များ၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးသတိရှိစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြှိမ်းသတ်ခြင်း၊ မီးငြှိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတ်ယာဉ်များဖြင့် လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြခြင်းတို့ဆောင်ရွက်ရာ မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွှန့်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ဖေယျာ(မြောင်းမြ)**




# UFC–310 ပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်ကို ချင်းဖိုက်တာ ဂျိုရှုအာဗန်က ဒိုင်မှတ်ဖြင့် အနိုင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၈

UFC–310 ပြိုင်ပွဲ အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်နှင့် မြန်မာနိုင်ငံဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်တို့ ထိုးသတ်ခဲ့ရာ ဂျိုရှုအာဗန်က ဒိုင်မှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဂျိုရှုအာဗန်နှင့် ကိုဒီဒါဒန်တို့သည် ဖလိုင်းဝိတ်တန်းပွဲစဉ်အဖြစ် ထိုးသတ်ခဲ့ပြီး ဂျိုရှုအာဗန်က အချီတိုင်းတွင် အကောင်းဆုံးဖိအားပေးထိုးသတ်နိုင်ခဲ့ကာ ဒိုင်ဆုံးဖြတ်ချက်တွင် ဒိုင်သုံးဦးလုံးက (၂၉–၂၈)မှတ်၊ (၃၀–၂၆)မှတ်၊ (၃၀–၂၇)မှတ်ဖြင့် ဂျိုရှုအာဗန်ကိုအနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ဖိုက်တာလောကသို့ Fury အဖွဲ့အစည်းနှင့် စာချုပ်ချုပ်ဆိုကာ စတင်ဝင်ရောက်ခဲ့ပြီး Fury ပြိုင်ပွဲများတွင်လည်း ရလဒ်များဆက်တိုက်ကောင်းမွန်ခဲ့ပြီးနောက် လက်ရှိကမ္ဘာ့ဖိုက်တာပြိုင်ပွဲများတွင် အဆင့်အတန်းအမြင့်မားဆုံးအဖွဲ့အစည်းဖြစ်သည့် UFCက စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် UFCနှင့်စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် UFC ပြိုင်ပွဲများတွင်လည်း နိုင်ပွဲများဆက်တိုက်ရရှိခဲ့ကာ ရှုံးပွဲမရှိသေးဘဲ ကိုဒီဒါဒန်ကို အနိုင်ရရှိခဲ့ပြီးနောက် UFC ၏ ဖလိုင်းဝိတ်တန်း အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့်(၁၅)အတွင်း ဝင်ရောက်နိုင်ခဲ့သည်။



UFC ပြိုင်ပွဲများတွင် စည်းကမ်းသတ်မှတ်ချက်များအရ ကစားသမားများအနေဖြင့် နိုင်ငံအလံကို ယူဆောင်အောင်ပွဲခံခွင့်မရှိသော်လည်း ဂျိုရှုအာဗန်က ကိုဒီဒါဒန်ကိုအနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ၎င်း၏ အံကပ်တွင် မြန်မာနိုင်ငံအလံကိုတပ်ဆင်ပြီးအောင်ပွဲခံခဲ့သည်။

ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်လျက်ရှိနေသည့် မြန်မာလူမျိုးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်ကြောင်း သိရသည်။


**စည်သူအောင်**

❑ **ရှေ့ဖုံးမှအဆက်**

အားကစားကွင်း/ အားကစားရုံများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားကွင်း/အားကစားရုံ(ရွှေကြာပင်)၊ ပေါင်းလောင်းအားကစားကွင်း၊ နေပြည်တော်လေ့ကျင့်ရေးကွင်း(၂)(လယ်ဝေး)၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့ ဘောဂဝတီအားကစားကွင်းတို့တွင် ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲအသီးသီးသို့ ကြည့်ရှုအားပေးလိုသော အားကစားဝါသနာရှင်ပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၃)တွင်လည်းကောင်း၊ ပြိုင်ပွဲကွင်း/ရုံအသီးသီးဝင်ပေါက်ဂိတ်များတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင်ဖြင့် ယာယီဝင်ထွက်ကတ်ပြားများကိုလဲလှယ်၍ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




| ညအပူချိန် လျော့နည်းခဲ့သော စခန်းများ၏ ၈-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံး အပူချိန်များ | မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| | ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| | နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၇.၄ | ၄၅.၃ |
| | ပူတာအိုမြို့ | ၇.၈ | ၄၆.၀ |
| | တီးတိန်မြို့ | ၈.၀ | ၄၆.၄ |
| | ပြင်ဦးလွင်မြို့ | ၈.၆ | ၄၇.၅ |
| | မြစ်ကြီးနားမြို့ | ၈.၇ | ၄၇.၇ |
| | လွိုင်လင်မြို့ | ၁၀.၀ | ၅၀.၂ |
| | ပင်လောင်းမြို့နှင့်ဟဲဟိုးမြို့ | ၁၀.၅ | ၅၀.၉ |
| | မချမ်းဘောမြို့ | ၁၁.၀ | ၅၁.၈ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဆောင်းရာသီဓာတ်စာ ဆေးဖက်ဝင်လိမ္မော်သီးအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

လိမ္မော်သီးသည် ချိုသောရှောက်မျိုးနွယ်ဖြစ်ပြီး တရုတ်နိုင်ငံ၌ ဘီစီ ၂၅၀၀ မှစ၍ စိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာပေါ်၌ လိမ္မော်သီးမျိုးကွဲပေါင်းမြောက်မြားစွာရှိရာ ယေဘုယျအားဖြင့် လိမ္မော်သီးကို အချိုမျိုး၊ အချဉ်မျိုး၊ အခါးမျိုးဟူ၍ တွေ့ရသည်။ မြန်မာနိုင်ငံ၌ လိမ္မော်ပင်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်း၊ အောင်ပန်း၊ နောင်တရားနှင့် ကလောဒေသတို့၌လည်းကောင်း၊ ကယားပြည်နယ်အတွင်း ဘောလခဲမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်တို့ရှိ ကျေးရွာတို့၌လည်းကောင်း စီးပွားဖြစ်သာမက မိသားစုအပိုဝင်ငွေရရန် တစ်နိုင်တစ်ပိုင်အဖြစ်ပါ တိုးချဲ့စိုက်ပျိုးကြသည်။

အထူးသဖြင့် ဆောင်းရာသီတွင် လှိုင်လှိုင်ပေါ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မှထွက်ရှိသော အရည်ရွှမ်းကာ အရသာလေးသည့် အောင်ပန်းသီး၊ အခွံပါးကာ အရွယ်ငယ်သော်လည်း အစေ့နည်းနည်းဖြင့် အချိုကဲသည့် ပျားလိမ္မော်၊ ကချင်ပြည်နယ် ပူတာအိုဘက်မှထွက်ရှိသော Gun Fruit(ခေါ်) အခွံပါဝါးစားနိုင်သည့် လိမ္မော်ငယ်တို့ကို လူကြိုက်များသည်။ လိမ္မော်သီးကို အစာပြေသရေစာသစ်သီးအဖြစ်စားကြသကဲ့သို့ လန်းဆန်းအမောပြေစေရန် ဖျော်ရည်အဖြစ်လည်း သောက်သုံးကြသည်။

### လိမ္မော်သီးနှင့် ကျန်းမာရေး

လူတစ်ဦး၏ တစ်နေ့တာ ဗီတာမင် C လိုအပ်ချက်ပမာဏကို လိမ္မော်သီး ၁၃၀ ဂရမ်မှ ရရှိနိုင်သည်။ လိမ္မော်သီးသည် ဗီတာမင် C ဓာတ်တို့စုဝေးရာ အရင်းအမြစ်ဖြစ်ပြီး Polyphenols (ခေါ်) ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ကြွယ်ဝစွာပါရှိခြင်းကြောင့် ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားကာ အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ တုပ်ကွေး စသောရာသီဖျားများကူးစက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် လိမ္မော်သီးကို ဆောင်းရာသီဓာတ်စာအဖြစ် စားပေးသင့်သည်။

လိမ္မော်သီးတွင် Liminoid ဓာတ်ပေါင်းစုပါရှိသည့်အပြင် အခွံအောက် လိမ္မော်သီးတွင်ကပ်နေသော ဖော့သားအဖြူရောင်၌ Bioflavonoids နှင့် Pectin ဓာတ်တို့ပါရှိသည်။ ထိုဓာတ်များက သက်စောင့်ဆေးအဖြစ် ကင်ဆာရောဂါတို့ကို တိုက်ဖျက်ပေးနိုင်သော အစွမ်းသတ္တိရှိ၍ အစာမျိုပြွန်၊ ခံတွင်း၊ အရေပြား၊ အဆုတ်၊ ရင်သား၊ အစာအိမ်နှင့် အူမကြီးကင်ဆာတို့ကို တိုက်ဖျက်ပေးသည်။ ထို့ပြင် လိမ္မော်သီးအသားတွင်ကပ်နေသော အဖြူရောင်အမျှင်များထဲတွင် Alkaloid Synephrine ပါရှိပေရာ ၎င်းက အသည်းမှ ကိုလက်စထရောထုတ်လုပ်မှုကို လျှော့ချပေးသည့်အပြင် သွေးနှင့်အရေပြားအောက်မှ မလိုလားအပ်သောအဆီများကို စုပ်ထုတ်ပေးနိုင်စွမ်းရှိသည်။

လိမ္မော်သီးအခွံကို နေ့စဉ် နည်းနည်းစီ စားသုံးပေးခြင်းဖြင့် သွေးထဲရှိ မကောင်းသောကိုလက်စထရော (Low Density Lipoprotein– LDL) ပမာဏ ၃၃ ရာခိုင်နှုန်းလျော့နည်းစေကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

လိမ္မော်သီးတွင် ကယ်လိုရီနည်းပါးပြီး ပြည့်ဝဆီနှင့် ကိုလက်စထရောတို့ လုံးဝမပါရှိသည့်အပြင် ချေဖျက်လွယ်သော အမျှင်နှင့် Pectin ဓာတ်တို့ ကြွယ်ဝစွာပါရှိသောကြောင့် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများအတွက် ကောင်းကျိုးပြုနိုင်သည်။

လိမ္မော်သီးတွင်ပါရှိသော Alkaline အစွမ်းက အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည်။ အစာမကြေ၊ လေနာ၊ လေချုပ်နှင့် ခန္ဓာကိုယ်ရှိ အဆိပ်များကို ဖယ်ရှားနိုင်ရန် လိမ္မော်သီးကို အခွံမခွာဘဲ လေးစိတ်ခွဲ၍ အရက်နှင့်စိမ်ပြီး နည်းနည်းချင်းသောက်ပေးသင့်သည်။ ဝမ်းမမှန်သူများသည် လိမ္မော်ရည်တစ်ဖန်ခွက်စာပမာဏကို မီးနွေးနွေးပြ၍ ဆားပုပ်ငရုတ်ကောင်းစေ့ခန့်နှင့် ချင်းခြောက်မှုန့်တစ်ဇွန်းခန့်ထည့်ပြီး အအေးခံသောက်ရုံဖြင့် ဝမ်းမှန်၍ ခံတွင်းပြန်ကောင်းလာစေနိုင်သည်။

လိမ္မော်သီးထဲရှိ ပိုတက်ဆီယမ်အစွမ်းက နှလုံးခုန်နှုန်းနှင့်သွေးဖိအားတို့ကို မျှခြေဖြစ်စေပြီး နှလုံးရောဂါအမျိုးမျိုးကို သက်သာစေနိုင်သည်။ ဂျပန်နိုင်ငံမှ သုတေသီများ၏ လေ့လာချက်အရ Flavonoid နှင့် ဗီတာမင် C မြင့်မားစွာပါရှိသော လိမ္မော်သီးကို ပုံမှန်စားသုံးပါက သွေးခဲခြင်းမှကာကွယ်ပေးကြောင်း၊ ဆံခြည်မျှင်သွေးကြောများပျော့ပျောင်း၍ နှလုံးသွေးလွှတ်ကြောကိုလည်း ကျယ်စေကြောင်း၊ ထို့ကြောင့် နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များ လိမ္မော်သီးကို မှန်မှန်စားပေးသင့်ကြောင်း အကြံပြုထားသည်။ လိမ္မော်သီးအခွံခြောက် ၂ ဂရမ်ခန့်ကို ရေသုံးခွက်တစ်ခွက်တင်ကျို၍ သောက်သုံးပေးခြင်းဖြင့် နှလုံးရောဂါအမျိုးမျိုးကို သက်သာစေသည်။

ဓာတ်ခွဲစမ်းသပ်ချက်များအရ လိမ္မော်သီးတွင်ပါရှိသော မဂ္ဂနီစီယမ်နှင့် Flavonoid (ခေါ်) Hesperi–din တို့က သွေးပေါင်ချိန်ကို လျှော့စေရုံသာမက သွေးတိုးရောဂါနှင့်ဆက်စပ်သော ဆီးချိုရောဂါကိုလည်း ဖြစ်မလာစေပါ။

သဘာဝလိမ္မော်ရည်ကို မှန်မှန်သောက်ပေးခြင်းဖြင့် ကျောက်ကပ်ကျောက်တည်ခြင်းကို ဟန့်တားပေးနိုင်သည်။ အမေရိကန်နိုင်ငံ စုတားပြည်နယ် ဆေးပညာဌာနမှ သုတေသီများ၏လေ့လာချက်အရ ဆီးကျောက်တည်သူများ လိမ္မော်ရည်သောက်သုံးခြင်းအားဖြင့် နောက်တစ်ဖန် ဆီးကျောက်မတည်စေရန် အထောက်အကူပြုနိုင်ကြောင်း တွေ့ရသည်ဟု ဖော်ပြထားသည်။

လိမ္မော်သီးတွင်ပါရှိသော ကယ်လ်စီယမ်ဓာတ်က အရိုးနှင့်သွားများကို ကျန်းမာကြံ့ခိုင်စေပြီး သွားဖုံးသွေးယိုစီးခြင်းနှင့် ရေစီးကမ်းပြိုရောဂါတို့ မဖြစ်စေပါ။ ကိုယ်ဝန်ဆောင်မိခင်များ လိမ္မော်သီးစားပေးခြင်းဖြင့် ကလေးငယ်တွင် မွေးရာပါအရိုးပျော့ရောဂါမဖြစ်စေနိုင်ပါ။

လိမ္မော်သီးတွင်ပါဝင်သော ဆစ်ထရက်အက်စစ်သည် ပင်ပန်းနွမ်းနယ်မှုကို ဖယ်ရှားပေးနိုင်သည်။ ထို့ပြင် ဖောလစ်အက်စစ်ပါရှိခြင်းကြောင့် ဦးနှောက်စွမ်းအားကို တိုးတက်ကောင်းမွန်စေရုံသာမက အသက်အရွယ်ကြီးခြင်းကြောင့် မှတ်ဉာဏ်စွမ်းရည်နိမ့်ကျခြင်းနှင့် အာရုံကြောအားနည်းခြင်းတို့ကို သက်သာစေနိုင်သည်။ အထူးသဖြင့် ဂျပန်နိုင်ငံမှ ထွက်ရှိသော Satsuma အမျိုးအစားလိမ္မော်သီးတွင် Beta–Cryptoxanthin ဓာတ်ကြွယ်ဝစွာပါရှိသဖြင့် DNA ပျက်စီးခြင်းကို လျှော့ချပေးသည့်အပြင် ဦးနှောက်အမြှေးပါးရောင်ခြင်းနှင့် ဦးနှောက်ဇရာအကြိုရောဂါတို့ကိုလျှော့ချပေးသည်။

အာရုံကြောအားနည်းခြင်းနှင့် အာရုံစူးစိုက်နိုင်မှုအားနည်းခြင်းတို့အတွက် လိမ္မော်ပွင့်ခြောက်ကို တစ်နေ့နှစ်ကြိမ် မှန်မှန်စားလျှင် အကြောအားကောင်းပြီး မှတ်ဉာဏ်တိုးစေနိုင်သည်။ သွေးလေညီညွတ်၍ ဦးနှောက်ကြည်လင်လန်းဆန်းစေရန်အတွက် လိမ္မော်ရွက် ၅၀ ခန့်ကို စပျစ်ဝိုင် သို့မဟုတ် ခေါင်ရည်ဖြင့် နေ့တစ်ဝက်စိမ်ပြီးနောက် ယင်းအရွက်များကို ပျားရည် ၅၀ ကျပ်သား ထည့်ထားသောအိုးထဲသို့ ပြောင်းထည့်ကာ မီးမှျဉ်းမှျဉ်းဖြင့် အရောင်ပြောင်းလာအောင်ကျို၍ တစ်ရက်လျှင် နှစ်ကြိမ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် သောက်ပေးနိုင်သည်။



လိမ္မော်သီးထဲရှိ သကြားဓာတ်သည် သဘာဝအချိုဓာတ်ဖြစ်သည့်အပြင် အသီးတွင်ပါဝင်သည့် အမျှင်များသည်လည်း သကြားစုပ်ယူမှုကို လျှော့နည်းစေသောကြောင့် လိမ္မော်သီးစားသုံးခြင်းအားဖြင့် သွေးတွင်းသကြားဓာတ် လျင်မြန်စွာမတက်အောင် ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် လိမ္မော်သီးသည် ဆီးချို၊ သွေးချိုရောဂါသည်များ၊ ခန္ဓာကိုယ်ဝဖြိုးသူများနှင့်သင့်လျော်သည်။ ဂျပန်နိုင်ငံမှသုတေသီများ၏လေ့လာချက်အရ လိမ္မော်သီးကို ပုံမှန်စားသုံးသူသည် ဆီးချိုရောဂါမဖြစ်ဟုဆိုသည်။ (သို့သော် အချိုဓာတ်များသော ပျားလိမ္မော်ကိုမဆိုလိုပါ)

လိမ္မော်ရည်ကို ရက်သတ္တပတ်လျှင် လေးကြိမ်မျှသောက်သုံးခြင်းဖြင့် Rheumatoid (ခေါ်) ရိုးဆက်ရောင်ရမ်းနာများနှင့် အဆစ်အမျက်၊ အကြောအခြင်ကိုက်ခဲခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

လိမ္မော်သီးတွင် Beta–Carotene (ခေါ်) ဗီတာမင် A ဓာတ်ပါရှိသောကြောင့် အမြင်အာရုံနှင့်ဆက်စပ်သည့် Mucous Membranes ကို ကောင်းစွာတည်ဆောက်စေကာ မျက်စိကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။

ကလေးငယ်များတွင်ဖြစ်လေ့ရှိသော ဝက်သက်ရောဂါနှင့် အသက်ရှူလမ်းကြောင်းပြဿနာများအတွက်လည်း လိမ္မော်ပင်က ကောင်းကျိုးပြုနိုင်သည်။ လိမ္မော်ပွင့် ၃၀ ကျပ်သားကို ရေသုံးပိဿာနှင့် တစ်ညစိမ်ကာ နောက်တစ်နေ့နံနက်တွင် ပေါင်းအိုးဖြင့်ပေါင်း၍ ပေါင်းခံရည်စုထားပြီးနောက် ထမင်းစားဇွန်းဖြင့် ငါးဇွန်းမှ ၁၀ ဇွန်းခန့် နေ့စဉ်သောက်ပေးခြင်းဖြင့် သူငယ်နာအကြောဆွဲရောဂါသက်သာပျောက်ကင်းစေနိုင်သည်။

လိမ္မော်သီးသည် အရောင်ကျစေသည့် အာနိသင်ရှိသဖြင့် ပန်းနာ၊ ရင်ကျပ်၊ တီဘီအဆုတ်နာတို့အတွက် ကောင်းကျိုးပြုသည့်အပြင် ချောင်းခြောက်၊ အဆုတ်ရောင်ခြင်း၊ လေပြွန်ရောင်ခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုး၍ လည်ချောင်းနာခြင်းတို့ကိုလည်း ပျောက်ကင်းစေသည်။ ချောင်းဆိုးသူများ လိမ္မော်ရွက်ငါးရွက်ခန့်ကို ဆူအောင်ကျိုပြီးနောက် မီးဖိုမှချပြီး ငါးမိနစ်ခန့်အဖုံးအုပ်ထားပါ။ ထို့နောက် အရွက်များကိုဖယ်ရှားပြီး ခပ်နွေးနွေးအရည်ကို တစ်ရက်လျှင် သုံးကြိမ်သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

လိမ္မော်သီးတွင်ပါဝင်သော ကယ်လ်စီယမ်ဓာတ်သည် လူ့ခန္ဓာကိုယ်ဖွဲ့စည်းမှုစနစ်အတွင်းရှိ အက်စစ်ပြင်း(Alkaline Mineral) တို့ကို ပျက်ပြယ်စေနိုင်သည့် အဆိပ်ပြေဆေးတစ်မျိုးဖြစ်သဖြင့် သွေးသစ်၊ သွေးသန့် တိုးပွားစေနိုင်သည်။

လိမ္မော်သီးကို နေ့စဉ်စားသုံးသူ ၁၀၇၃ ဦးအား လေ့လာခဲ့ရာ ထိုသူများတွင် အသည်းနှင့်ပတ်သက်သည့်ရောဂါများ ဖြစ်ပွားမှုမတွေ့ရှိရကြောင်း၊ ထို့အတူ အသည်းရောဂါဖြစ်ပွားနေသူများအား လိမ္မော်သီးပုံမှန်စားသုံးစေခြင်းဖြင့် ရောဂါဖြစ်ပွားမှု သိသိသာသာလျော့ကျသွားကြောင်း၊ အသည်းကင်ဆာ၊ အသည်းကြီးခြင်းနှင့် အသည်းတွင်ဖြစ်ပွားတတ်သောရောဂါများကို ထိရောက်စွာကာကွယ်တားဆီးနိုင်ကြောင်း၊ ဆေးလိပ်နှင့်အရက်တို့ကြောင့် ဖြစ်ပွားတတ်သော အသည်းရောဂါရှိသူများအနေဖြင့် လိမ္မော်သီးပုံမှန်စားသုံးပါက အကျိုးကျေးဇူးများစွာ ရရှိစေကြောင်း ဂျပန်နိုင်ငံမှ သုတေသီများက အတည်ပြုထောက်ခံထားကြသည်။

လိမ္မော်သီး တစ်နေ့တစ်လုံး သို့မဟုတ် လိမ္မော်ရည် တစ်နေ့တစ်ဖန်ခွက်သောက်သုံးလျှင် ငှက်ပျောသီးစားသကဲ့သို့ပင် အူနှင့်ဆိုင်သောရောဂါ၊ အစာအိမ်ရောဂါနှင့် အစာအိမ်ကင်ဆာဖြစ်ရန် အခွင့်အလမ်းနည်းစေသည့်အပြင် ခံတွင်းကောင်း၍ အစာကြေ၊ ဝမ်းမှန်စေသည်။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပါက လိမ္မော်သီးကို ဆေးအဖြစ် စားသုံးနိုင်သည်။ ဝမ်းပျက်၊ ဝမ်းလျှောသူများ လိမ္မော်ခွံအမှုန့်နှင့် စပျစ်စေ့အမှုန့် ဆတူရော၍ တစ်ရက်လျှင် သုံးကြိမ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းသောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်။ လေထိုးလေအောင့်သူများ လိမ္မော်ပင်အခေါက်အနည်းငယ်ကို သုံးခွက်တစ်ခွက်တင်ကျို၍ တစ်ရက်လျှင် နှစ်ကြိမ်သောက်ခြင်းဖြင့် သက်သာပျောက်ကင်းပြီး ဝမ်းတွင်းရှိ တုတ်ကောင်၊ သန်ကောင်များကိုပါ ကျစေနိုင်သည်။

လိမ္မော်သီး၏ အခွံရနံ့ကိုယူကာ ဟင်းခတ်အမွှေးအကြိုင်၊ အိမ်သုံးဆေးဝါးများနှင့် Aromatherapy (ခေါ်) ရနံ့ကုထုံးတို့တွင် ထည့်သွင်းအသုံးပြုကြသည်။

လိမ္မော်ပွင့်ထဲတွင်ပါရှိသော Neroli (ခေါ်) ရနံ့သင်းဆီတစ်မျိုးမှာ အမူးအမော်ပြေစေသောကြောင့် နာမည်ကျော် အော်ဒီကလုံးရေမွှေးဖော်စပ်ရာတွင် ထိုလိမ္မော်ပွင့်ဆီကို ထည့်သွင်းအသုံးပြုကြသည်။

### လိမ္မော်ဆီနှင့်ကျန်းမာရေး

လိမ္မော်ခွံတွင် ရနံ့သင်းသော Limonene ဆီအပြင် ဂလူးကို့စ်နှင့် တင်နင်ဓာတ်များပါရှိသည်။ မိမိနေအိမ်၌ လိမ္မော်ခွံကို အဆီထုတ်ပြီး ဆေးဖော်နိုင်သည်။ လိမ္မော်ခွံကိုပါးပါးလှီးပြီး နေရောင်ခြည်တိုက်ရိုက်မကျဘဲ အရိပ်ရသောနေရာ၌ အခြောက်ခံပြီးနောက် အုန်းဆီ သို့မဟုတ် နှမ်းဆီဖြင့်စိမ်၍ ထည့်ထားပါ။ ရွှေဝါရောင်လိမ္မော်ဆီအဖြစ် ပြောင်းလဲ

စာမျက်နှာ ၉ သို့ ♦♦

✦✦ စာမျက်နှာ ၈ မှအဆက်
သွားပါလိမ့်မည်။ ထိုလိမ္မော်ဆီ၏ ဆေးစွမ်းကား အံ့မခန်းအသုံးဝင်ပြီး လိမ္မော်ပွင့်မှ ထုတ်ယူရရှိသော အဆီကလည်း အမူးအမော်အတွက် အလွန်ကောင်းသည်။

- AIDS ဝေဒနာရှင်များ၏ လျှာ၌ဖြစ်သော မှက္ခရုနာများအတွက် လိမ္မော်ဆီကို နားကျပ်သောဝွမ်းစနှင့်တို့၍ သုတ်လိမ်းပေးခြင်းဖြင့် ပျောက်ကင်းနိုင်သည်။
- ခွဲစိတ်ထားသောချုပ်ရိုးမှ ပြည်ပြန်တည်ပြီး မပျောက်ကင်းသောအနာများပေါ်တွင် ကွမ်းရွက်ကိုမီးကင်၍ လိမ္မော်ဆီသုတ်လိမ်းကာ ကပ်ထားခြင်းဖြင့် ပျောက်ကင်းနိုင်သည်။ (ရေလုံးဝ မထိစေရပါ) ဤနည်းအတိုင်း နံနက်တစ်ကြိမ် အသစ်လဲပေးပါ။
- ဆီပူလောင်နာ၊ ရေနွေးပူလောင်နာ၊ စက်ပစ္စည်းကြောင့် ပူလောင်နာ စသည့်အပူလောင်ခြင်းအမျိုးမျိုးကိုအတွက် လိမ္မော်ဆီရွှဲရွှဲစွတ်ပေးခြင်းဖြင့် ယူပစ်သလိုပျောက်ကင်းစေသည်။ အမာရွတ်မကျန်၊ အပူလောင်အရည်ကြည်ဖုများလည်းမထွက်စေပါ။ (ငှက်ပျောရွက်တွင် လိမ္မော်ဆီသုတ်၍ အသုံးပြုနိုင်ပါက ပိုမိုအစွမ်းထက်သည်)
- ဝဲ၊ နှင်းခူ အစို/အခြောက်များအတွက် ကွမ်းရွက်ကိုမီးကင်၍ လိမ္မော်ဆီတို့ပြီး အနာပေါ်ကပ်ထားခြင်းဖြင့် ပျောက်ကင်းနိုင်သည်။ (ရေလုံးဝမထိစေရပါ)
- ရင်ကျပ်သောအခါ လိမ္မော်ဆီ၊ ကွမ်းရွက်သတ္တုရည်၊ ပရုတ်ဆီ သို့မဟုတ် လင်းစီး အနည်းငယ်ထည့်၍ ရင်ဘတ်နှင့်တစ်ကိုယ်လုံးကို ခပ်ပါးပါးလိမ်းပေးခြင်းဖြင့် လက်ငင်းကောင်းကျိုးပြုနိုင်သည်။(ကလေးသူငယ်များရော လူကြီးများပါ သုံးစွဲနိုင်သည်)
- အကြောတင်း၊ အကြောရောင်၊ အကြောတက်စသည့် အကြောဝေဒနာအမျိုးမျိုးတို့အတွက် လိမ္မော်ဆီကို ပရုတ်ဆီ (ဆေးအပူ) အနည်းငယ်ရော၍ လိမ်းပေးနိုင်သည်။
- အစာအိမ်နာနှင့် ဗိုက်နာခြင်းများအတွက် လိမ္မော်ဆီကို လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်။ အင်အားတိုးပွား၍ အစာကြေစေရန်လည်း လိမ္မော်ဆီကို သောက်သုံးနိုင်သည်။
- နေလောင်၍ အသားအရေရဲ့ခြောက်ခြင်းနှင့် မစိုပြည်ခြင်းတို့အတွက် လိမ္မော်ဆီလိမ်းပေးခြင်းဖြင့် အသားအရေဝင်းပလာစေနိုင်သည်။
- ရေယုံနာ၊ ကျိုးကန်းပါးစပ်နာများကို လိမ္မော်ဆီရွှဲရွှဲသုတ်လိမ်းပေးခြင်းဖြင့် ပျောက်ကင်းနိုင်သည်။
- လိမ္မော်ဆီက ပိုးမွှားများကိုသေစေပြီး သန့်ရှင်းစင်ကြယ်စေသော အာနိသင်ရှိသဖြင့် လိမ္မော်ဆီဖြင့်ပြုလုပ်ထားသော ကိုယ်တိုက်ဆပ်ပြာများထုတ်လုပ်နေကြပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝသီးနှံ မြောက်မြားစွာရှိသည့်အနက် လူသားတို့အတွက် ဘက်စုံကောင်းမွန်သော အသီးတစ်မျိုးကိုပြပါဆိုလျှင် လိမ္မော်သီးကိုသာ ပြရမည်ဖြစ်သည်။ အနံ့အရသာနှင့်ပြည့်စုံသော လိမ္မော်သီးကို တစ်နှစ်ပတ်လုံးရရှိနိုင်ပြီး အလွယ်တကူအခွံခွာစားနိုင်သဖြင့် လူကြိုက်အများဆုံးသီးနှံများတွင် လိမ္မော်သီးလည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ လိမ္မော်သီးသည် ခံတွင်းတွေ့စေသောသီးနှံဖြစ်သဖြင့် လူကြီး၊ လူငယ်အရွယ်သုံးပါးမရွေး ကြိုက်နှစ်သက်ကြသည်။ ထို့ပြင် လိမ္မော်သီး၏အားသာချက်မှာ တခြားသောသီးနှံများထက် အဆုတ်ကျန်းမာရေးကို လွန်စွာကောင်းကျိုးပြုသဖြင့် ဆေးဖက်ဝင် ဆောင်းရာသီသီးနှံအဖြစ် ပို၍စားသုံးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# ဗဟန်းမြို့နယ်၌ ကျောင်းတွင်းရင်သွေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကျောင်းတွင်းရင်သွေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁)မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကာယစွမ်းရည်ပြိုင်ပွဲကို ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးခိုင်၊ အဖွဲ့ဝင်(၂) ဦးစိန်မြင့်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်၊ အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ယုဒါရီနှင့် ဗဟန်းမြို့နယ် အမှတ်(၁) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်လွင်လွင်နွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရင်သွေးငယ်လေးများက အကဖြင့် ဖျော်ဖြေတင်ဆက်ပြီး ကာယစွမ်းရည်ပြိုင်ပွဲတွင် စကြာပုံသဏ္ဌာန်ကို ရေခဲညှပ်ဖြင့် သယ်ယူကစားခြင်း၊ ရောင်စုံတုတ်ထိုးကစားခြင်း၊ သစ်သားတုံးများဖြင့် လူရုပ်ပုံဆက်ခြင်း၊ တစ်ခါသုံးခွက်ဖြင့် မျှော်စင်တည်ဆောက်ကစားခြင်း၊ သင်ထောက်ကူကားချပ်ဖြင့် အံသွင်းကစားခြင်း၊ တိရစ္ဆာန်ပုံလေးများကို Puzzle ဆက်ခြင်း၊ ဝက်အူရစ်ကစားခြင်း၊ အရောင်ရွေးကစားခြင်း၊ ဦးထုပ်ဆောင်းကစားခြင်း၊ ကတော့ခွက်ဖြင့် ဘောလုံးသယ်ခြင်း၊ဘိုးလိမ်းပစ်ကစားခြင်း၊ အင်္ကျီဝတ်ကစားခြင်း၊ လွန်ဆွဲပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ စာအုပ်ရွက်ပြိုင်ပွဲ၊ ဖယောင်းတိုင်မီးထွန်း၍ လမ်းလျှောက်ပြိုင်ပွဲ၊ ရင်ခြင်းကပ်၍ ဘောလုံးဖောက်ခြင်း၊ ယပ်တောင်ဖြင့် ဘောလုံးယပ်ခတ်ခြင်း၊ သုံးချောင်းထောက်ပြိုင်ပွဲ၊ ဘောလုံးဖောက်ပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်ကြရာ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်(ပြန်/ဆက်)**




# ရွှေသောင်ယံကမ်းခြေသို့ နိုဝင်ဘာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၄၀၀၀ ကျော် လာရောက်လည်ပတ်

ပုသိမ် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၄၀၀၀ ကျော် လာရောက်လည်ပတ်ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်း အသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်၏ပြောပြချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ခရီးသွားဒေသများ၌ တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်ယံကမ်းခြေသို့ အောက်တိုဘာလ အတွင်းက ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၇၈၅၇ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ၂၄၅၉၅ ဦးအထိ လာရောက်လည်ပတ်ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို ရုံးပိတ်ရက်တွေအပါအဝင် နိုဝင်ဘာလတစ်လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၄၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပါတယ်" ဟု ဒေါ်ချယ်ရီမြင့်ကပြောသည်။

ရွှေသောင်ယံကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ အဆင်ပြေစေရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကမ်းခြေ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာစုစုပေါင်း ၂၀ ကျော်ဖြင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ **သုတကျော်**

# အောင်လံမြို့နယ် အုတ်ချစ်ကုန်းကျေးရွာ၌ ၄၀၀ ဗို့အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး



အောင်လံ ဒီဇင်ဘာ ၈

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသပြေပင်ကျေးရွာအုပ်စု အုတ်ချစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး ဝိုင်းဝန်းကြိုးပမ်းကြရန် ဆွေးနွေးမှာကြားသည်။


အုတ်ချစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း အရှည်ပေ ၈၉၀၀ ရှိ ၄၀၀ ဗို့အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သန်း ၂၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၇၆ ဒသမ ၁၇၂၄ သန်းတို့ဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအားလုံးပြီးစီးပါက အုတ်ချစ်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်ကထက် အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**




# ကျောက်ဆည်မြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



**ကျောက်ဆည် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်စိုင်းကျေးရွာ (မြင်စိုင်းတိုးချဲ့ကွက်သစ်)၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေဇာလင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ကျေးရွာသားများကဦးစားပေး ဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**သူသူငြိမ်း**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကျင်းပ



**ညောင်ရွှေ ဒီဇင်ဘာ ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် တောင်ပို့ကြီးကျေးရွာအုပ်စု လွယ်ငြိမ့်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုက ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့်သင်တန်းမှသင်ကြားပို့ချပေးသည့် သင်ခန်းစာများကို အကျိုးရှိစွာအသုံးချပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်သည်အထိ ကြိုးစားသွားကြရန်မှာကြားသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုတို့က သင်တန်းတက်ရောက်မည့် သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလ တစ်လကြာ အခြေခံအပ်ချုပ်စက်ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အားကစားကဏ္ဍသစ် ဖွင့်လှစ်ကြစို့

✶ နိုင်ငံ့ဂုဏ် အဆင့်အတန်း
မြင့်စေမှန်း ရည်ရွယ်သည်။
ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲ
ဆင်နွှဲတော့မည်။
အားကစားနည်း စုံလင်ပြီ
အနာဂတ်ဆီ ရည်မျှော်မှန်း။
ထူးချွန်စွာ ယှဉ်ပြိုင်ကစားလို့
အားရရွှင်လန်း။

✶ ပွဲတော်မှာ နွဲ့ပျော်ကြ
ပြုံးရွှင်ပျ များသူငါ။
အားကစားမှာ ရွှေတစ်ခေတ်
ဖြစ်ရမည်သာ။
မြန်မာ့အားကစား မြင့်စေမှာ
စည်းလုံးကာ ညီညာလို့။
ဇွဲအားမာန် ကြိုးစားမှုနှင့်
ရွှေဆုယူစို့။

✶ နိုင်ငံ့ဂုဏ်ဆောင် အားကစား
ထူးခြားလို့ ပေါ်စေချင်။
အမိနိုင်ငံ ချစ်မြတ်နိုး
တန်ဖိုးတွေပင်။
ကြိုးစားလို့ ပြိုင်ပွဲဝင်
အနာဂတ်တွင် အောင်မြင်လမ်း။
စိတ်ဓာတ်ခိုင်မာပါဝင်နွှဲ
ဇွဲ မလျော့တမ်း။

✶ ပျော်စရာ အလွန်ကောင်း
စုပေါင်းတဲ့ ပွဲတော်မဟာ။
မြန်မာတွေ အစွမ်းထက်
သွက်လက်ပေတာ။
ကာယဉာဏ ထိုနှစ်ဖြာ
ညီညာစွာ ရှက်ဆောင်ပေး။
အားကစားမှာ ကဏ္ဍသစ်
ဖွင့်လှစ်စို့လေး။ ။

**အာကာမောင်မောင်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က မသန်စွမ်းအမျိုးသားမီတာ (၁၀၀)T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်ကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

■ **ရှေ့ဖုံးမှအဆက်**

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်းနှင့်ဦးရန်ကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အမျိုးသားတစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီဝင် ဦးရွှေကြိမ်းက အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အသင်းလိုက်(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို လယ်ဝေး TC-2 အားကစားကွင်း၌ **စာမျက်နှာ ၁၂ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်ကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အမျိုးသားတစ်ဦးချင်း(အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်ကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်း အမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်းဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ် ချီးမြှင့်စဉ်။



ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲအမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှပြိုင်ပွဲဝင်များကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသမီးလုံတံပစ် F 54/55 ပြိုင်ပွဲတွင်ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်ကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

■ **စာမျက်နှာ ၁၁ မှအဆက်**

ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသားသံလုံးပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသားလုံတံပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသားမီတာ(၈၀၀) T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားအလျားခုန် T 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသမီးလုံတံပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်အသင်းများကိုလည်းကောင်း၊ အမျိုးသမီး မီတာ(၁၀၀) T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသားသံပြားပစ် F46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသားမီတာ(၈၀၀) T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်ကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီးလုံတံပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားမီတာ (၁၀၀) T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားလုံတံပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ(၁၀၀) T64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ မသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကိုလယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ကျင်းပရာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့က တစ်ဦးချင်းနေရာအလိုက်အကောင်းဆုံး ဆုရရှိကြသည့် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အားပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C) ရုံ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွက်လာတော့မည့် အမျိုးသားအားကစားပွဲတော်

## ဆုလတ်မေ

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲအခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲများကျင်းပခြင်း၊ ယှဉ်ပြိုင်ခြင်းတို့တွင်လည်း အဆင့်အတန်းမီမီ၊ အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲများတွင်အားကစားနည်း ခြောက်မျိုး၊ အားကစားသမား ၅၂၀၀ ကျော်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုး၊ အားကစားသမား ၆၆၀၀ ကျော်ဖြင့်လည်းကောင်း၊ မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်း လေးမျိုးတွင် မသန်စွမ်းအားကစားသမား ၁၄၀ ကျော်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အားကစားသမား စုစုပေါင်း ၁၂၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အားကစားပွဲတော်၏ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ဟူသော ရည်ရွယ်ချက်(၅)ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအားကစားပွဲတော်ကို လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ ပထမအကြိမ်ကို ၁၉၈၂ ခုနှစ် မေလ ၃ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၂ မျိုး၊ ဒုတိယအကြိမ်ကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၄ မျိုး၊ တတိယအကြိမ်ကို ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ မျိုး၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း ခုနစ်မျိုးတို့ဖြင့် ထည့်သွင်းကျင်းပခဲ့သည်။

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှထွက်ပေါ်လာမည့် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် ရွေးချယ်သွားမည်ဖြစ်ရာ အမှန်တကယ်အရည်အချင်းရှိသူများ၊ အားကစားနည်းအလိုက် စံနှုန်းကောင်းမွန်သူများ ထွက်ပေါ်လာရန်လိုအပ်သည်။ သို့မှသာ နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်သည့်အခါ အဆင့်မီမီ၊ သူတင်ကိုယ်တင် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် အမျိုးသားအားကစားပွဲတော်တွင် စွမ်းစွမ်းတမံပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိသည့် အားကစားသမားများကို ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ပေးအပ်ခြင်းကဲ့သို့သော အားပေးချီးမြှင့်ခြင်းများလည်းရရှိလာမည်ဖြစ်ရာ အားကစားသမားတိုင်းက မိမိတို့အားကစားနည်းအလိုက် ထူးချွန်အောင်၊ စံချိန်ကောင်းများရရှိအောင်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများအထိ ယှဉ်ပြိုင်နိုင်အောင် အစွမ်းကုန်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၆၇၀ ခု၊ ငွေတံဆိပ် ၆၇၀ ခုနှင့် ကြေးတံဆိပ် ၉၀၂ ခု ဆုချီးမြှင့်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ အားကစားသမားများသည် နိုင်ငံတကာတွင် အဆင့်မြင့်စွာ ယှဉ်ပြိုင်အနိုင်ယူနိုင်ခဲ့သည့် ရွှေရောင်သမိုင်းများ ရှိခဲ့ပြီးဖြစ်သည်။ အမျိုးသားအားကစားပွဲတော်သည် အားကစားကဏ္ဍကို မြှင့်တင်ထုတ်ဖော်ပြသသည့် ပြိုင်ပွဲသက်သက်မဟုတ်ဘဲ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို ထုတ်ဖော်ပြသည့် စုပေါင်းအင်အားများကို ဖော်ထုတ်နိုင်သောပြိုင်ပွဲဖြစ်၍ အမျိုးသားအားကစားပြိုင်ပွဲ သို့မဟုတ် အမျိုးသားအားကစားပွဲတော်ဟု ခေါ်ဆိုရပေသည်။

နိုင်ငံတော်က "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" လူမှုရေးဦးတည်ချက်ကို ချမှတ်ထားပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးကိုလည်း အားကစားဘက်တွင် စိတ်ဝင်စားကာ တက်တက်ကြွကြွ ပါဝင်လာနိုင်အောင် စည်းရုံးလှုံ့ဆော်ပေးလျက်ရှိသည်။ အားကစားသမားများ၏အောင်မြင်မှုများသည် ပြည်သူလူထုအတွက် ခွန်အားများဖြစ်စေသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲဟူ၍ အားကစားနည်းခြောက်မျိုးထည့်သွင်းကျင်းပလျက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ ပြေးခုန်ပစ်(အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင် (အမျိုးသား/အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု (အမျိုးသား/အမျိုးသမီး)၊ ခရစ်ကက် (အမျိုးသား)၊ ဘောလုံး (အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား/အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို(အမျိုးသား/အမျိုးသမီး)၊ ကရာတေး (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး(အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ(အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲဟူ၍ အားကစားနည်း ၂၃ မျိုးထည့်သွင်းကျင်းပလျက်ရှိသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးသာမက တစ်နိုင်ငံလုံးမှပြည်သူများနှင့် နိုင်ငံတကာမှလာရောက်အားပေးကြည့်ရှုနိုင်ရန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိသလို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ဖော်အကအလှများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာပြကွက်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအထိမ်းအမှတ် မီးရှူးမီးပန်းများ အလှဆင်ပစ်ဖောက်ခြင်း အစီအစဉ်များအပါအဝင် နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခုကျင်းပဆောင်ရွက်မည့် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျအောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံ၏ဂုဏ်ကိုထင်ဟပ်စေမည့် အမျိုးသားအားကစားပွဲတော်မှသည် အနာဂတ်အားကစားလောကအတွက် အလားအလာရှိသောမျိုးဆက်သစ် အားကစားသမားများကို တစ်ပါတည်းရွေးချယ်သွားမည်ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် မှတ်ကျောက်တင်ခံရမည့် ပြိုင်ပွဲကြီးပင်ဖြစ်ပါတော့သည်။ ။




**▸▸ မိမိတို့နိုင်ငံ၏အားကစားသမားများသည် နိုင်ငံတကာတွင်အဆင့်မြင့်စွာ ယှဉ်ပြိုင်အနိုင်ယူနိုင်ခဲ့သည့် ရွှေရောင်သမိုင်းများရှိခဲ့ပြီးဖြစ် . . .**

**▸▸ အမျိုးသားအားကစားပွဲတော်သည် အားကစားကဏ္ဍကို မြှင့်တင်ထုတ်ဖော်ပြသသည့် ပြိုင်ပွဲသက်သက်မဟုတ်ဘဲ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို ထုတ်ဖော်ပြသည့် စုပေါင်းအင်အားများကို ဖော်ထုတ်နိုင်သောပြိုင်ပွဲဖြစ် . . .**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဆဋ္ဌမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၈

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ကကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ ဆဋ္ဌမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာ သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သား ပေါင်းစုံမွှာရုံ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော် အလှည့်ကျသဘာပတိဂေါပက အဖွဲ့ဝင် ဦးအောင်ကိုဇော်က သွေးလှူဒါန်း ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းသာပီတိ စကားပြောကြားပြီး ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာ က သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးလှူရှင်ပြည်သူများကို အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာ ဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေး ဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကို ကူညီ ဆောင်ရွက်ပေးကြသည်။

ထို့နောက်ဂေါပကအဖွဲ့ဝင်များနှင့်တာဝန် ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးလှူရှင်များက သွေး လှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့်သွေးလှူရှင်များကို စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့မှ တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့စသည့် အာဟာရအစားအစာများ၊ အမျိုးသား သွေးလှူဌာနမှ သံဓာတ်အားဆေးစသည် တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**ဇော်မင်းလတ်(MNA)**

# တီမွေးမြူခြင်းနှင့်တီကျစ်စာမြေဆွေး ထုတ်လုပ်ခြင်းနည်းစနစ်များ တောင်သူပညာပေးသရုပ်ပြပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

စပါးရိုးပြတ်များ၊ သီးနှံအကြွင်းအကျန် များကိုအသုံးပြု၍ တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်းနည်း စနစ်များ တောင်သူပညာပေးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း ကျေးရွာ၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သီးနှံများစိုက်ပျိုး ထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာများကို မျှတအောင်ထည့်သွင်းမကျွေးမွေးနိုင်ခြင်း၊ ပိုးသတ်ဆေးများ မဆင်မခြင်ပက်ဖျန်းခြင်း များကြောင့် မြေဆီလွှာအတွင်း သက်ရှိနှင့် အတူ အဏုဇီဝများ အပင်အာဟာရများ အတွက်အလုပ်မလုပ်နိုင်တော့သဖြင့် မြေဆီ လွှာကျန်းမာရေးထိခိုက်ပျက်စီးလာပြီး သဘာဝရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည် အားနည်းလာသည်ကို လေ့လာတွေ့ရှိ ရသဖြင့် ယခုကဲ့သို့ တီကောင်မွေးမြူ ရေးမှအစပြု၍ မြေဆီလွှာဂေဟစနစ် ပြန်လည်ဖွံ့ဖြိုးလာရေးကို သက်ဆိုင်ရာဌာန များက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုးနှင့် စပါးခွံတို့ကို အကျိုးရှိစွာ အသုံးပြုပြီး တီမွေးမြူခြင်းနှင့် တီကျစ်စာ မြေဆွေးထုတ်လုပ်သုံးစွဲနိုင်ကြရန် သုတေသီ များ၊ ပညာရှင်များက နည်းပညာပေး သရုပ်ပြသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီး ဌာန ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အစားအစာသိပ္ပံသုတေသနဌာနခွဲ စပါးဇီဝ ဥယျာဉ်သုတေသနဌာနစုမှ သုတေသီများ၊ ပညာရှင်များက တီကျစ်စာမြေဆွေးစီးပွား ဖြစ် ထုတ်လုပ်နိုင်သော တီမျိုးများ မွေးမြူ ခြင်းနှင့် တီကျစ်စာမြေဆွေး ပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆွေးနွေး ရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန် ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ပေးကြကြောင်း သိရသည်။

(၅၀၀)



◆ **ရှေ့ဖုံးမှအဆက်**

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် နာမည်ကျော်အနုပညာရှင်များ၊ တေးသံရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုများအား ပရိသတ်များ တိုက်ရိုက်ကြည့်ရှုနိုင်ရန် အတွက် ယင်းနေ့ညနေ ၃ နာရီ မိနစ် ၃၀ မှစတင်ပြီး MRTV-HD၊ MRTV Sports၊ MRTV Parliament၊ MRTV Farmers'၊ MWD HD Channel၊ MWD Variety HD Channel၊ Channel 7၊ 5 plus၊ Sports 2၊ MNTV၊ M Channel နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေးFM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပုဂံ FM၊ Star FM၊ သဇင် FM တို့အပြင် MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platfrorm တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

ထို့ပြင် Channel K၊ Fortune နှင့် YTV တို့မှလည်း Delay ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

# ထိန်ချုံးသိပ္ပံပညာရှင်များဖိုရမ်ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၈

ထိန်ချုံးသိပ္ပံပညာရှင်များဖိုရမ် (၂၀၂၄) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံး မြို့၌ကျင်းပခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဖိုရမ်ကို ယူနန်ပြည်နယ်အစိုးရနှင့် တရုတ် သိပ္ပံနှင့် နည်းပညာအဖွဲ့ အစည်းတို့က "Science Global Innovation and the Mission of Scientists–Empowering High–Quality Development" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြပြီး ပြည်နယ်ပါတီအကြီးအကဲ နှင့် အဆင့်မြင့် အရာရှိကြီးများ၊ တောင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံတကာ ထိပ်တန်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် သိပ္ပံပညာရှင်များ၊ လူငယ်သိပ္ပံပညာရှင်များ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်တွင် ၂၀၀၆ ခုနှစ် ရူပဗေဒနိုဘယ် ဆုရပါမောက္ခ George Smoot အပါ အဝင် တရုတ်နှင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာလောကတွင် အောင်မြင်ကျော် ကြားသည့် ပညာရှင်များက ဆွေးနွေးကြ သည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးသည် ယူနန် ဗဟိုအသံလွှင့်ရုပ်မြင်သံကြားဌာနချုပ်၏ သိပ္ပံနှင့် နည်းပညာတီထွင်ဖန်တီးမှုများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင် မည့် နယ်ပယ်များနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များ၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုနှင့် AI နည်းပညာတို့နှင့် စပ်လျဉ်း၍ သီးခြားတွေ့ဆုံမေးမြန်းမှုများ ကို ဆွေးနွေးဖြေကြားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချိန်ကွမ် ဇီဝဗေဒသိပ္ပံနှင့်နည်းပညာအုပ်စု (Chenguang Biotech Group) ၏ ဇီဝ နည်းပညာကိုအသုံးချ၍ ဂန္ဓမာပန်း၊ ငရုတ်သီး၊ ဂုန်လျှော်ပင်၊ စပျစ်စေ့ကုန်ကြမ်းတို့မှ အစားအသောက်နှင့် လူသုံးဆေးဝါးထုတ် ကုန်များထုတ်လုပ်နေမှုကိုလည်းကောင်း၊ Huayu (ဟွားရွီ) Bio Tech ကုမ္ပဏီအုပ်စု၏ ၁၉၉၃ ခုနှစ်မှစ၍ ဇီဝနည်းပညာများကို သုတေသနပြုလုပ်ကာ ၂၀၂၂ ခုနှစ်အထိ နွားခွာနာလျှာနာပျောက်ဆေးများ၊ ဝက် ကူးစက်ရောဂါ ကာကွယ်ထိုးဆေးများ ထုတ်လုပ်မှုကိုလည်းကောင်း သွားရောက် လေ့လာခဲ့ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာနရှိ ဇီဝနည်းပညာသုတေသနဦးစီးဌာန နှင့် သုတေသနများ ပူးပေါင်းဆောင်ရွက် ကာ နည်းပညာများ မျှဝေဖလှယ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်း၌ ဒုတိယဝန်ကြီးသည် ထိန်ယောက် တိုင်းရင်းဆေးထုတ်လုပ်ရေး ကုမ္ပဏီသို့ သွားရောက်ခဲ့ပြီး ပိုးဟပ်များ ကို ၁၉၉၄ ခုနှစ်မှစတင်၍ ဇီဝနည်းပညာ သုတေသနပြုလုပ်၍ ဆေးဝါးထုတ်လုပ်မှု၊ နှလုံးအားကောင်းဆေးများ၊ အသားအရေ ကောင်းမွန်ဆေးများ စသည်တို့ ထုတ်လုပ် နိုင်မှု၊ သုတေသနဆောင်ရွက်မှု၊ စာတမ်း များ ရေးသားပြုစုခဲ့မှုနှင့် တီထွင်မှုမူပိုင်ခွင့် ခုနစ်ခုရရှိခဲ့မှု၊ မြစ်ကြီးနားရှိ လုပ်ငန်းရှင် များနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုသွား ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ ရာဂိမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဓာတ်အားပေးစက်ရုံရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားအမြန်ဆုံးထုတ်လုပ်ပေးနိုင်ရေးအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေးမှာကြားကာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲနှင့်တမံ၏ ကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း၊ စက်ယန္တရားကြီးများဖြင့် ချောင်းကြမ်းပြင်တူးဖော်နေမှုကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်မှုနှင့် လုံခြုံရေးကို စဉ်ဆက်မပြတ် ဂရုပြုစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက် ၇၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် စုစုပေါင်း ဓာတ်အား ၁၄၀ မဂ္ဂါဝပ်ကို ၂၃၀ ကေဗွီ အထက်ပေါင်းလောင်း-နန်ချိုဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာဂိမုန်တိုင်းကြောင့် ဓာတ်အားပေးစက်ရုံအတွင်း ရေများဝင်ရောက်ခဲ့ကာ ဓာတ်အားပေးစက်များ ရေနစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ဓာတ်အားပေးစက်များ မောင်းနှင်နေမှုနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများပို့လွှတ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(၅၀၀)

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် (၂၀၂၄) ဖွင့်ပွဲ / ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ချီတက်မည့်ဝန်ထမ်းများ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့်အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံမှာကြား

နေပြည်တော် ဒီဇင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ချီတက်ကြမည့် ကျန်းမာရေးဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်သူများကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ အသုံးပြုသည့် လူနာတင်ယာဉ်များတွင် ထိခိုက်ဒဏ်ရာလူနာများအတွက် အရေးပေါ်အသက်ကယ်ဆေးနှင့် ဆေးပစ္စည်းများဖြည့်ဆည်းထားရှိမှုနှင့် စနစ်တကျ အသုံးပြုနိုင်ရေးစီစဉ်ထားရှိမှု၊ အောက်ဆီဂျင်၊ အသက်ရှူကိရိယာ၊ လူနာအခြေအနေအလိုက် သယ်ယူပို့ဆောင်ပစ္စည်းအမျိုးမျိုး၊ အလွယ်တကူသယ်ဆောင်နိုင်သည့် ဆေးအိတ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်နှင့်အညီ လွယ်လင့်တကူအသုံးပြုနိုင်ရေးစီစဉ်ထားရှိရန် မှာကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလစ်ဟင်းမှုမရှိစေရေး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့်အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ အလေးထားဆောင်ရွက်လျက်ရှိပြီး အားကစားနည်းအမျိုးအစားများအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ဆေးအဖွဲ့ ၃၈ ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း ၂၅၀ ကျော်တို့က အားကစားပြိုင်ပွဲများအပါအဝင် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား၊ ဖျော်ဖြေရေးအဖွဲ့များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ ထို့ပြင် ရွာတော်တည်းခိုရေးစခန်းတွင်လည်း ၂၄ နာရီဆေးခန်းဖွင့်လှစ်ထားရှိကာ ဆေးပညာ၊ အရိုးနှင့်အကြော၊ အဆစ်အထူးကုဆေးခန်း အချိန်ပိုင်းဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာ အထူးကုဆရာဝန်များဦးဆောင်၍ လာရောက်ပြသသည့်လူနာများကို ကြည့်ရှုကုသစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းဆေးခန်းလည်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်၊ စည်ပင်ရိပ်သာနှင့် အားကစားရွာ (Gold Camp) တို့တွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လယ်ဝေးသင်တန်းကျောင်း၌ တည်းခိုနေထိုင်ကြသော မသန်စွမ်းအားကစားသမားများအတွက် ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(၅၀၀)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်**ကို ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရမှတ် (၆၇-၆၆) မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုကို ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ (၅၀)ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူနှင့် ချင်းပြည်နယ်မှ ကေသွယ်ဝင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရုံ၌ကျင်းပရာ **အမျိုးသား ကြက်တောင်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီးကြက်တောင်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကလည်းကောင်း၊ **အမျိုးသမီးကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား (၅၁) ကီလိုတန်းပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်က ရှမ်းပြည်နယ်မှ ရဲနိုင်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဘောမ်ဆောင်က ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သူရက ချင်းပြည်နယ်မှ ရဲရင့်ထွေးကို လည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက ရခိုင်ပြည်နယ်မှ အာကာထက်ဝင်းကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား(၅၄) ကီလိုတန်း ပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ အာကာဖြိုးက မကွေးတိုင်းဒေသကြီးမှ ကောင်းဆက်နိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ဧရာဝတီတိုင်းဒေသကြီးမှ စောလင်းအောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုကိုထွန်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်က ပဲခူးတိုင်းဒေသကြီးမှ တူးမောင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား(၅၇) ကီလိုတန်းပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဆက်သာဦးက မွန်ပြည်နယ်မှ ဟိန်းလင်းထွန်းကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ရှိန်းထက်ကိုကိုက ပဲခူးတိုင်းဒေသကြီးမှ ဟိန်းထွဋ်ကျော်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်းမွှောင်က ကရင်ပြည်နယ်မှစောလှဟန်အေးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့်ကယားပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။

**အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ နုတ်မာရ်က ရခိုင်ပြည်နယ်မှ ထူးအောင်ရဲရင့်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်က ဧရာဝတီတိုင်းဒေသကြီးမှ လင်းထက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်က ကရင်ပြည်နယ်မှ စောဟဲဒိုစေးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရာဇာနေဝင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး(၅၀) ကီလိုတန်းပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက ချင်းပြည်နယ်မှကေသွယ်ဝင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းက ပဲခူးတိုင်းဒေသကြီးမှ အိန္ဒြေကျော်ကိုလည်းကောင်း၊ နေပြည်တော်မှအိမ့်မြတ်ကျော်က မန္တလေးတိုင်းဒေသကြီးမှ ခိုင်သဇင်ထွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ရှမ်းပြည်နယ်မှ သဲမြတ်မွန်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်**



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။

**၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ကျင်းပရာ **အမျိုးသားခရစ်ကက်ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၆ မှတ်အသာ၊ မန္တလေးတိုင်းဒေသကြီးက ပဲခူးတိုင်းဒေသကြီးအသင်းကို ၁၄ မှတ်အသာ၊ ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၁၃၉ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးအသင်းကို ၁၀ ယောက်အသာဖြင့်လည်းကောင်း၊ **အမျိုးသမီးခရစ်ကက် ပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၅၁ မှတ်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို ၄ ယောက်အသာ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၁၄ မှတ်အသာ၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ မှတ်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက် ၃ ဂိုးစီ သရေရလဒ်ထွက်ပေါ်ပြီး မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့်ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့က ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၁၁ ဂိုး ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၇ ဂိုး ၅ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ပွဲပြတ်၊ ကချင်ပြည်နယ် အသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ**တွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်း ကို ၂ ပွဲ ၁ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ပွဲ ပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ပွဲ ၁ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးသုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ် တို့ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့က ဂိုးမရှိသရေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၃ ဂိုးစီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသင်းကို ၂ ဂိုး ဂိုးမရှိ၊ ပညာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၄ ဂိုး၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Oil palm cultivation in Taninthayi Region nearly reach four hundred thousand acres

MYEIK December 8

"Oil palm cultivation has reached a total of 395,772 acres as of October 2024 in Taninthayi Region. As oil palm is a perennial crop, it is of vital importance to select the high-yielding seed for commercial farming for 30 years," said Daw Ingyin Khaing, head of the Agriculture Department in Myeik District.

There are six raw oil factories in the region, with one in Dawei Township, one in Myeik, two in Bokpyin and two in Kawthoung respectively.

Well-managed oil palm plantation is thriving after five years of plantation. Then, it will cover capital investment for the next three years. The business will flourish 20 more years as well. At present, hybrid oil palm seedlings that produce large amounts of oil can be locally produced.

A plan is underway to establish a palm oil refinery plant in the region that is fit for health. Only raw oil factories can be found, and 39 companies and 40 private farm owners are executing oil palm cultivation in the region.

Perennial plant research and technology development session, Perennial Crop Division of the Agriculture Department opened oil palm seed germination and hybrid production course on 2 December at the department in Myeik Township, Taninthayi Region.



Daw Ingyin Khaing, head of the Agriculture Department in Myeik District gave a remark that "oil palm plantation can be cultivated only in Taninthayi Region (mostly in Myeik and Kawthoung areas) that can be found 10 degrees north and south of the equator.

"Hybrid seed production is crucial for this long-term business. Earlier, the seeds were imported from foreign markets. Now, hybrid seeds are locally produced. Therefore, this hybrid production method has played a pivotal role in this", she added.

SMK

# Kyaiklat Township ships 700,000 duck eggs to Yangon



KYAIKLAT December 8

"Up to 700,000 duck eggs from Kyaiklat Township, Pyapon District, Ayeyawady Region, were sent to the Yangon market in October," said Daw Thuzar Myint, a livestock product trading entrepreneur from Kyaiklat Township.

This marks a significant increase compared to September, during which only 450,000 duck eggs were sold. From October 1 to 31, sales rose sharply, reaching 700,000 duck eggs.

Kyaiklat Township remains the largest supplier of duck eggs to Yangon. The November market outlook is promising, driven by higher prices due to a reduction in duck farming in the area this year, Daw Thuzar Myint explained.

People farming the ducks in the township typically raise between 1,000 to 2,000 ducks for egg production. The eggs are cleaned, carefully packaged, and shipped to the Yangon market. Raising 1,000 ducks costs between 1.8 million to Ks-2.5 million, including the initial investment in the ducks themselves.

SK

# Taze Township cultivates over 1,800 acres of winter seed corn and millets

TAZE December 8

A total of 1,844 acres seed corn and millets are planted in Taze Township, YeU District, Sagaing Region, during this year winter crops planting season, according to the statistics from the Department of Agriculture for YeU District.

During the 2024-2025 winter crops planting season, a total of 320 acres of seed corn and 1,529 acres of millets, totaling 1,849 acres, are planned to be planted in Taze Township, and since October of this year, they have planted 315 acres of seed corn and 1,529 acres of millets, totaling 1,844 acres of seed corn and maize.

"We are working to reach the target area. We are providing awareness for the success of corn, and to prevent the spread of the disease," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

In Taze Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000.

SK

# More than 2,000 acres of peanut planted in Kyunhla Township

KYUNHLA December 8

According to the Agriculture Department of Kyunhla Township in Sagaing Region, a total of 2,335 acres of peanut has been planted in the township as a cold season crop this year.

Local farmers started cultivation of peanut on 2,335 acres of croplands in October this year against the target of 13,896 acres of crops earmarked by local authorities.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department said: "We earmarked to grow more than 13,000 acres of peanut this cold season but local farmers have so far planted more than 2,000 acres of peanut. They are trying hard to meet the target cultivation. Oil crops are thriving in the township. Sown acreage of peanut is on the rise in the township. Local farmers prefer to grow peanut in winter more than monsoon season."

It is necessary to use 1.5 baskets of peanut seeds per acre for cultivation and farmers need to cost more than Ks-200,000 per acre of growing peanut for quality seeds of crop, labour charge, fertilizers and pests. Each acre of peanut can yield more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to inspect peanut plantations for prevention of pests and weeding the plantations in order to boost per-acre yield.

SMK

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Kawlin District finishes cultivation of more than 2,000 acres of vegetables

KAWLIN December 8

The statistics of Kawlin District Agriculture Department stated that a total of 2,158 acres of vegetables has been planted in the district of Sagaing Region this winter.

Local authorities earmarked cultivation of 6,152 acres of vegetables in Kawlin District in 2024-2025 cold season, and local farmers have planted 2,158 acres against the target.

U Win Thein, Head of Kawlin District Department of Agriculture, said: "We planned to grow more than 6,000 acres of vegetables in the district but local farmers have planted more than 2,000 acres of crops. They are trying hard to meet the target. They grow mustard, chilli, spicy, potato, cabbage, eggplants, Chinese cabbage and cauliflower. We raised farmer awareness to grow crops with GAP system for production of healthy crops with least chemical residues."

This year, Kawlin Township planted 588 acres of vegetables, Wuntho Township 220 acres and Pinlebu Township 1,350 acres, totalling 2,158 acres.

The Township Department of Agriculture conducted training course for growing vegetables to enhance capacity of farmers and departmental staff. Moreover, farmers are urged to produce healthy crops and expand sown acreage of vegetables.

**SK**

# Farmers finish reaping monsoon sesame on more than 3,000 acres of croplands

MYINMU December 8

A total of 3,955 acres of monsoon sesame plantations have been harvested in Myinmu Township of Sagaing Region this year, according to the statistics of Sagaing District Department of Agriculture.

In 2024-2025 monsoon season, the farmers planted 19,053 acres of monsoon sesame in Myinmu Township. So far, they have harvested 3,955 acres of monsoon sesame, which yielded 18 baskets per acre.

Daw Thida Lwin, Head of Sagaing District Department of Agriculture explained: "Local authorities earmarked 19,050 acres of monsoon sesame in Myinmu Township but local farmers 19,053 acres of crops exceeding the target cultivation. So far, they have harvested more than 3,000 acres of monsoon sesame with a high yield. Officials of the township department provided agricultural techniques for local farmers to have high yield of crops."

This year, officials of Myinmu Township Agriculture Department raised farmer awareness for expansion of sown acreage for sesame, irrigation facilities, use of GAP system and quality strains of crops.

The crops produced through GAP system can fetch good prices and high quality, grasping market shares in domestic and international markets.

**SMK**

# Farmers from Pwintbyu Township plant more than 700 acres of corns this cold season

PWINTBYU December 8

A total of 744 acres of croplands have been placed under corn plantations in winter in Pwintbyu Township of Magway Region, according to Pwintbyu Township Agriculture Department.

Local authorities earmarked 3,008 acres of corns this cold season but local farmers started cultivation of crops on 744 acres of croplands in the second week of October this year, with efforts to meet the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "Township authorities earmarked more than 3,000 acres of corns this monsoon but local farmers have so far planted 744 acres of corns. Cultivation of corps can earn incomes from selling corns and then sell stocks of corn plants as feeds. Local farmers grow corns three seasons a year. They prefer to grow ordinary Thankyar corn (aka) Panshwe Thankyar corn. Our department provides techniques, food safety, high yield, and plans to meet the target cultivation for local farmers.

Pwintbyu Township is formed with four urban wards and 205 villages of 56 village-tracts. Local farmers rely on irrigation facilities from Mezali diver weir and underground water for cultivation of crops. So, they can grow crops in double or triple cropping patterns.

**SK**

# Trump says Zelensky wants to 'make deal' to end Ukraine conflict



MOSCOW December 8

Ukrainian President Volodymyr Zelensky would like to "make a deal" to end the conflict in Ukraine, US President-elect Donald Trump said on Sunday, calling for an immediate ceasefire and negotiations.

"Zelensky and Ukraine would like to make a deal and stop the madness. They have ridiculously lost 400,000 soldiers, and many more civilians. There should be an immediate ceasefire and negotiations should begin. Too many lives are being so needlessly wasted, too many families destroyed, and if it keeps going, it can turn into something much bigger, and far worse. I know [Russian President] Vladimir [Putin] well. This is his time to act," Trump said on Truth Social.

**Sputnik**

# S. Korea's Democratic Party to push for vote on Yoon's impeachment every Saturday

SEOUL December 8

South Korea's main liberal opposition Democratic Party said Sunday that it will try to push for a vote to impeach President Yoon Suk-yeol every Saturday following a botched impeachment attempt.

Kang Yu-jung, the Democratic Party spokesperson, told reporters that a new impeachment motion will be reported to the National Assembly on Thursday and put up for a vote on Saturday.

Kang noted that the party will continue to pursue the report on Thursday and the vote on Saturday for impeachment against Yoon.

The first impeachment motion against Yoon was scrapped as most of the 108 ruling People Power Party lawmakers boycotted it on December 7.

Of 300 National Assembly lawmakers, more than 200 lawmakers are required to vote yes to pass the impeachment motion over Yoon's declaration of an emergency martial law that was repealed by the parliament.

The Democratic Party will submit bills on Monday to appoint special prosecutors and investigate charges of Yoon's insurrection and scandal involving his wife in a bid to put them up for a vote as early as Thursday, the spokesperson said.

Under the standing independent counsel bill that cannot be vetoed by the embattled president, the opposition has the right to recommend a special prosecutor, but the president can delay the appointment of the prosecutor.

Separately, the Democratic Party will report motions to impeach the justice minister and police chief to the parliament on Tuesday and put them up for a vote on Thursday. **Xinhua**

# Powerful explosions rock Syrian capital



DAMASCUS December 8

Three explosions were heard in Syria's capital Damascus on Sunday, in what are believed to be Israeli airstrikes targeting abandoned military bases, according to local media reports.

The explosions, rocking the Mazzeh neighborhood of the city, are part of a series of strikes that took place across southern Syria.

Voice of the Capital, a local monitoring group, reported simultaneous strikes targeting areas in the countryside of the southern Daraa and Sweida provinces, with the extent of the damage and potential casualties remaining unclear.

Israel's state-owned Kan TV News reported on Sunday that Israeli warplanes struck weapons storage facilities in southern Syria and near Damascus airport, citing concerns that the rebels or local militias could seize the arms.

"Israel is acting to thwart threats against it and anything that could harm our air superiority," an Israeli security official was quoted as saying.

Mazzeh is home to air defense batteries and a military airport, a critical facility for the Syrian military near the capital. The air base was targeted in previous Israeli strikes aimed at Iranian-linked facilities or weapons transfers.

These incidents come as Syrian opposition fighters seized Damascus earlier on Sunday, declaring the end of President Bashar al-Assad's rule.

**Xinhua**

# Syria's Assad resigns amid peace efforts, orders peaceful Power handover - Russian Foreign Ministry

MOSCOW December 8


Syrian President Bashar al-Assad, after negotiations with several participants in the conflict in Syria, has decided to step down from his position and leave the country, giving instructions for a peaceful transfer of power, the Russian Foreign Ministry reported.

"As a result of negotiations between Bashar al-Assad and several participants in the armed conflict on the territory of the Syrian Arab Republic, he made the decision to resign from the presidency and leave the country, giving instructions for a peaceful transfer of power. Russia was not involved in these negotiations," the Russian Foreign Ministry stated in a Telegram post.

The ministry also emphasized that Russia is deeply concerned about the dramatic events unfolding in Syria.

**Sputnik**

# Iran accuses Ukraine of supplying drones to terrorists in Syria



TEHRAN December 8

Iranian National Security and Foreign Policy Council spokesman Ebrahim Rezaei accused the Ukrainian government of supplying drones to terrorists in Syria, saying Kiev must be held responsible for its actions, ICANA news agency reported on Saturday.

"Right after the ceasefire took hold in Lebanon, we witnessed activization of terrorist groups in Syria and attacks on a number of cities of Syria. Terrorists are getting better equipped than ever. Their equipment includes drones provided by the Ukrainian government, and the Ukrainian government must be held responsible," Rezaei was quoted as saying.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



# Drones: Creating Enhanced Aerial Panoramas in the Media and Entertainment Industry

Capturing moments of events is a habit for most people and a job for others. However, in those times when situations are inconvenient, risky, and tough; drones would do the job. Drones carry out filming in the toughest situations. These flying machines are lifesavers for photographers and videographers in the media and entertainment industry.

The origins of drones can be traced back to World War I. For many decades since then, drones have been extensively used for military purposes. However, the past two decades have been noteworthy in terms of the wide range of applications of drones, including aerial photography and videography for media and entertainment. Drones have been used to film movies and television series; to cover news footage for journalism; to capture scenes for documentaries and advertisements; to record life events and functions; for aerial photography.

## Trends in the Media and Entertainment Sector

The media and entertainment industry has been quickly rising as a result of the increased use of drones in cinematography and photography. Drones are popularly utilized by film-making and media companies to reach regions that are impracticable for people. They have also quickly become an integral aspect of professional photography and filming. Consequently, professionals are increasingly using them to gain a competitive advantage.

According to the Grand View Research report in 2021, the global commercial drone market size was valued at US$-13.44 billion in 2020 and it is expected to increase at a compound annual growth rate (CAGR) of 57.5 percent from 2021 to 2028.

The popularity of drones in the media and entertainment industry has skyrocketed, especially for movie production, news footage, and documentary filming. Since credibility is the most important aspect when making the news, drones can deliver credible footage along with quality and live videos. These days, it's very common to broadcast drone footage from dangerous and life-threatening locations such as war zones, prohibited zones, live incidents, natural catastrophes, harsh geographical sites, and so on.

## Why Are Drones Popular in the Media and Entertainment?

Due to their ability to shoot from a higher perspective, images taken by drones appear extraordinary. Drones have built-in intelligent cameras that can rotate and spin in all directions, allowing the operator to shoot photos and videos from all sorts of angles. This is especially important for photographers since it offers them greater scope for capturing the perfect shot.

With constant advancements in technology, drones nowadays are produced to provide boundless camera angles, maximum speed chase scenes, over water and in-between tree scenes, overhead landscape and cityscape views, and many more alternatives. Doing so requires drone operating skills. Due to this, there are firms that hire skilled freelance drone operators. Many businesses do not hire full-time drone operators but instead, hire freelancers to fly drones for specific projects.

## Popular Application of Drones in Media and Entertainment

Photography and cinematography have reached great new heights thanks to drone technology. They have created a plethora of new opportunities for photographers, filmmakers, and casual enthusiasts. Drones are preferred by cinematographers since they can deliver videos that can create a clear mental picture of landscapes. The most appealing part of drone filming is that, during filming, they can record segments of scenes at higher perspectives with a single uncut shot.

For quite a while now, cinematographers have been producing breathtaking scenes using drone technology. Movies with stunning bird's-eye view scenes such as Expendables, Van Helsing, Spectre, Skyfall, and Captain America, were filmed using drones. Those movies were produced with exquisite visuals along with a realistic experience.



In addition, photojournalists no longer need to place themselves in risky situations going through dangerous jungles and rainforests, extreme landscapes, war zones, natural catastrophes, and severe weather to shoot photos and videos. Using drones, they can document topics and events in inaccessible locations. It's a safe alternative for such journalists since it is possible to cover the news using remotely operated footage of dangerous situations.

Furthermore, drones are also cost-effective alternatives for many media companies. They have avoided the trouble of using helicopters and planes for shooting from higher angles, which are more expensive and require on-site personnel to operate.

Drones are also popularly used in filming life events and functions. They enable filmmakers to shoot overhead footage, producing an incredibly phenomenal effect for videos in weddings, parties, family reunions, graduation ceremonies, and so on. Imagine a wedding video with exceptional quality, and a full view of all the ceremony from an elevated angle, with all the landscape, included with the bird's eye view of the drones. It would be a video that's able to spark nostalgia.

**Youth Time Magazine**

# အိန္ဒိယနိုင်ငံ Naval War College(NWC)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများအဖွဲ့ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ Naval War College (NWC) မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သောအရာရှိကြီးများအဖွဲ့တို့ တွေ့ဆုံစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အိန္ဒိယနိုင်ငံ Naval War College (NWC) မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သောအရာရှိကြီးများအဖွဲ့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

အိန္ဒိယနိုင်ငံ Naval War College (NWC) မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သော အရာရှိကြီးများအဖွဲ့သည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဒီဇင်ဘာလ ၂ ရက်တွင် ရောက်ရှိခဲ့ကြသည်။

အဆိုပါ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ India Centre သို့ သွားရောက်လေ့လာခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ဒီဇင်ဘာလ ၄ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း၊ နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဒီဇင်ဘာလ ၅ ရက်နေ့တွင်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်၍ ပုဂံမြို့တွင်းနှင့် ပုဂံယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုခြင်းနှင့် စစ်ရေယာဉ်



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား အိန္ဒိယနိုင်ငံ Naval War College (NWC) မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သောအရာရှိကြီးများအဖွဲ့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုစဉ်။



တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း အိန္ဒိယနိုင်ငံ Naval War College (NWC) မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သောအရာရှိကြီးများအဖွဲ့ လေ့လာစဉ်။

(မေယု)သို့ သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံ Naval War College(NWC) မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများအဖွဲ့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဒီဇင်ဘာ(ပထမပတ်) လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီမှဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထုများနှင့်ကျောင်းသား၊ ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းမှ ရာဇဌာနီလမ်း- ပန်းခင်းလမ်းဆုံမီးပွိုင့် ယင်းမှတပေါင်းကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ကြကာ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးများနှင့် အစားအစာများ ပေးဝေခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီခွဲတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ညွှန့်သည်တော်ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ



နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆီးရီးယားသမ္မတဘာရှာအယ်အာဆတ် နိုင်ငံမှထွက်ပြေး

**ဒမတ်စကပ်၊ ပြည်တွင်းရေး**

ဆီးရီးယားနိုင်ငံသမ္မတ ဘာရှာအယ်အာဆတ်က ဒီဇင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် နိုင်ငံမှထွက်ပြေးသွားပြီဖြစ်ပြီး ကျန်ရှိနေသောဝန်ကြီးချုပ်က အစိုးရအဖွဲ့ကို ဆက်လက်ဦးဆောင်ကာ လွတ်လပ်ပြီး မျှတသည့်ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အာဆတ်မိသားစုသည် ဆီးရီးယားကို နှစ်ပေါင်း ၅၀ ကြာအုပ်စိုးခဲ့ပြီး ဘာရှာအယ်အာဆတ်ကိုယ်တိုင် ဆီးရီးယားနိုင်ငံကို ၁၄ နှစ်ကြာအုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အာဆတ်အနေဖြင့် နိုင်ငံမှထွက်ပြေးသွားပြီဖြစ်သည့်အတွက် ၎င်းတို့၏အုပ်စိုးမှုက အဆုံးသတ်သွားပြီဖြစ်ကြောင်း ဆီးရီးယားပြည်သူများကပြောသည်။

ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်သူပုန်များက နိုင်ငံအနောက်မြောက်ပိုင်းမှနေ၍ ဆီးရီးယားအစိုးရအုပ်ချုပ်နေသောမြို့များကိုထိုးစစ်ဆင်တိုက်ခိုက်မှုများလုပ်ဆောင်ကာ ၁၁ ရက်အကြာ ဒီဇင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် ဒမတ်စကပ်မြို့တော်အထိ ရောက်ရှိသိမ်းပိုက်လိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်လပိုင်းအတွင်း အာဆတ်၏ တိုက်ခိုက်ရေးမဟာမိတ်အင်အားစုတစ်ခုဖြစ်သော လက်ဘနွန်ရှိဟစ်ဇဘိုလာတပ်ဖွဲ့မှခေါင်းဆောင်များကို အစ္စရေးကချေမှုန်းနိုင်ပြီးနောက် အရှေ့အလယ်ပိုင်းတွင် အင်အားညီမျှမှုမရှိတော့စဉ် အာဆတ်အနေဖြင့် နိုင်ငံမှထွက်ပြေးရသည်အထိ ဖြစ်ပွားလာခြင်းဖြစ်သည်။

Flightradar ဝက်ဆိုက်၏ဖော်ပြချက်အရ အာဆတ်လိုက်ပါသွားဖွယ်ရှိသော လေယာဉ်တစ်စင်းသည် ဒမတ်စကပ်မြို့သို့သူပုန်များဝင်ရောက်ချိန်တွင် လေဆိပ်မှထွက်ခွာပြီး အာဆတ်၏ခြေကုပ်နေရာဖြစ်သော ကမ်းရိုးတန်းဒေသသို့သွားသော်လည်း ရုတ်တရက်နောက်ကြောင်းပြန်လှည့်ကာ မိနစ်အနည်းငယ်အကြာတွင် လေယာဉ်မှာ မြေပုံပေါ်မှပျောက်သွားသည်ဟုသိရသည်။

Ref: RT



# အစ္စရေးက ဂါဇာမြောက်ပိုင်းရှိဆေးရုံကို တိုက်ခိုက်မှုများပြုလုပ်

**ဂါဇာ၊ စစ်ရေး**

အစ္စရေးစစ်ဘက်က ဂါဇာမြောက်ပိုင်းရှိဆေးရုံကို ပစ်ခတ်တိုက်ခိုက်မှုလုပ်သည့်အတွက် ဆေးရုံရှိလုပ်ငန်းများအားလုံး ရပ်ဆိုင်းထားရကြောင်း ပါလက်စတိုင်းကျန်းမာရေးတာဝန်ရှိသူများက ဒီဇင်ဘာလ ၈ ရက်တွင်ပြောသည်။

အစ္စရေးသည်ဘေ့လာဟီယာမြို့ရှိ ကာမယ်အတ်ဒဝမ်ဆေးရုံကို တိုက်ခိုက်မှုများလုပ်ခြင်းဖြစ်ပြီး ထိုသို့တိုက်ခိုက်ခံရသည့်အတွက် လျှပ်စစ်ဓာတ်အားများပြတ်ပြီး အောက်ဆီဂျင်စက်များလည်းပျက်စီးကာ အရေးပေါ်ခွဲစိတ်မှုများကို လုပ်ဆောင်နိုင်ခြင်းမရှိတော့ကြောင်း ဆေးရုံညွှန်ကြားရေးမှူး ဒေါက်တာဟက်ဆမ်အဘူဆာဖီယာကပြောသည်။

ဆေးရုံသည် ဒုံးသီးနှင့်ဗုံးသီးစုစုပေါင်း ၁၀၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို ရင်ဆိုင်ရသည့်အတွက် ဆေးရုံဝန်ထမ်းများနှင့် လူနာများစွာ ဒဏ်ရာများရရှိကြောင်း ၎င်းကဆက်ပြောသည်။

အစ္စရေးက ဆေးရုံကိုတိုက်ခိုက်မှုလုပ်ချိန်တွင် ကုသမှုခံယူနေသည့်လူနာ ၁၁၂ ဦးရှိကြောင်း၊ ၎င်းတို့အနက် ခြောက်ဦးမှာ အထူးကြပ်မတ်ကုသမှုခံယူနေရသူများဖြစ်ကြောင်း ဆေးရုံညွှန်ကြားရေးမှူးကပြောသည်ဟုသိရသည်။

Ref: TST



# အီလွန်မက်က ထရမ့်အတွက် ဒေါ်လာ ၂၇၇ သန်းသုံးစွဲခဲ့ဟုဆို

**ဝါရှင်တန်၊ ပြည်တွင်းရေး**

ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးတစ်ဦးဖြစ်သည့် အီလွန်မက်သည် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ထရမ့်ပြန်လည်အနိုင်ရရှိရေးအတွက် ဒေါ်လာ ၂၇၇ သန်းသုံးစွဲခဲ့သည်ဟု သတင်းဌာနအများအပြားကဖော်ပြထားသည်။

အီလွန်မက်သည် ဒေါ်လာ ၂၃၂ သန်းကို ရွေးကောက်ပွဲမတိုင်မီတွင် ရီပတ်ဘလစ်ကန်ပါတီမှ ကိုယ်စားလှယ်များအတွက် သုံးစွဲခဲ့ခြင်းဖြစ်ပြီး ဒေါ်လာ ၄၅ သန်းကိုမူ ၎င်းကိုယ်တိုင်ထူထောင်ထားသော အမေရိကန်နိုင်ငံရေးလှုပ်ရှားမှုကော်မတီသို့ ရွေးကောက်ပွဲအပြီးတွင် ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု Washington Post သတင်းစာကဖော်ပြထားသည်။

အီလွန်မက်က ထရမ့်၏အတွင်းစည်းမှ အနီးကပ်လူယုံတစ်ယောက်အဖြစ်သတ်မှတ်ခံရပြီး လက်ရှိတွင် ထရမ့်က ၎င်းကို အစိုးရအဖွဲ့၏ စွမ်းဆောင်ရည်အကြံပေးအဖြစ်ခန့်အပ်ထားသည်။

Ref: RT

## သတင်းတိုကဏ္ဍ

### ရုရှား-ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ မက်ခရွန်၊ ဇီလန်စကီနှင့်ထရမ့်တို့ ပဲရစ်၌ဆွေးနွေး

ရုရှား-ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ ပြင်သစ်သမ္မတမက်ခရွန်၊ ယူကရိန်းသမ္မတဇီလန်စကီနှင့် အမေရိကန်သမ္မတလောင်း ထရမ့်တို့က ပဲရစ်မြို့၌တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်သည်။

ပြင်သစ်သမ္မတက အဆိုပါဆွေးနွေးမှုကို ဒီဇင်ဘာလ ၇ ရက်ညနေပိုင်းတွင် ဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး နာမည်ကျော် နိုထရေဒမ်ဘုရားကျောင်းဖွင့်ပွဲမတိုင်မီ ဆွေးနွေးခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံဆွေးနွေးပြီးနောက် ယူကရိန်းသမ္မတဇီလန်စကီသည် ရုရှားနှင့်ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိလိုသည့်ဆန္ဒရှိနေကြောင်း ဒေါ်နယ်ထရမ့်ကပြောထားသည်။

ထို့နောက် ဒီဇင်ဘာလ ၈ ရက်တွင် ထရမ့်သည် ရုရှားနှင့်ယူကရိန်းတို့ကြား ချက်ချင်းအပစ်အခတ်ရပ်စဲပြီး တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် တောင်းဆိုသည်ဟု ၎င်း၏လူမှုကွန်ရက်၌ဖော်ပြထားသည်။ ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားမှုကြောင့် ယူကရိန်းဘက်ကစစ်သည် လေးသိန်းခန့်ဆုံးရှုံးထားကြောင်း ထရမ့်ကပြောသည်ဟုသိရသည်။

Ref: RT

### အီရန်က ပြည်တွင်းဖြစ်ဒုံးပျံဖြင့် အလေးဆုံးသောဝန်စည်ကို အာကာသသို့လွှတ်တင်

အီရန်နိုင်ငံက ပြည်တွင်းဖြစ်ဒုံးပျံဖြင့် အလေးဆုံးသောဝန်စည်ကို အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်လိုက်နိုင်သည်ဟုသိရသည်။ အဆိုပါဝန်စည်တွင် ဂြိုဟ်တုများကို အာကာသအတွင်းနေရာချထားပေးမည့် အဆင့်မြင့်မော်ဂျူး တစ်ခုပါဝင်သည်။

ထို့ပြင် အီရန်စစ်ဘက်က တီထွင်ဖန်တီးထားသည့် ဆက်သွယ်ရေးဂြိုဟ်တုများလည်းပါဝင်သွားပြီး ယင်းဂြိုဟ်တုများမှာ ကမ္ဘာမြေပြင်မှကီလိုမီတာ ၄၁၀ အမြင့်ရှိ အာကာသပတ်လမ်းအတွင်း အောင်မြင်စွာနေရာယူနိုင်ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနက ယခုသီတင်းပတ်အကုန်တွင်ဖော်ပြထားသည်။

အဆိုပါဝန်စည်သည် အလေးချိန်အားဖြင့် ပေါင် ၆၆၀ ကျော်ရှိသောကြောင့် နိုင်ငံ၏ သမိုင်းမှတ်တမ်းတစ်လျှောက်တွင် အာကာသအတွင်းသို့ပို့ဆောင်ပေးနိုင်သည့် အလေးဆုံးသောဝန်စည်ဖြစ်လာခြင်းဖြစ်ကြောင်း သတင်းဌာနကဖော်ပြထားသည်ဟုသိရသည်။

Ref: RT

### အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိရေပြင်၌ ခရီးသည်တင်လှေတစ်စင်းနစ်မြုပ်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိရေပြင်၌ ခရီးသည်တင်လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးကာ ၄၉ ဦး အသက်ရှင်ကျန်ရစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့ကထုတ်ပြန်သည်။

ခရီးသည်တင် သစ်သားလှေတစ်စင်းသည် ဒီဇင်ဘာလ ၈ ရက်တွင် ဆူမီနက်ဆိပ်ကမ်းမှထွက်ခွာလာပြီးနောက် ဒေသစံတော်ချိန်မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ဆီတူဗွန်ဒိုဒေသရှိရေပြင်၌ နစ်မြုပ်ခြင်းဖြစ်သည်။

လှေတွင်လိုက်ပါလာသူများ၏အချက်အလက်များအရ လူ ၅၁ ဦးရှိကြောင်း၊ ထို့ကြောင့် လူ ၄၉ ဦးကိုအသက်ရှင်လျက်ကယ်ဆယ်နိုင်ပြီး တစ်ဦး၏အလောင်းကို တွေ့ရှိသောကြောင့် ကျန်တစ်ဦးပျောက်ဆုံးနေခြင်းဖြစ်ကြောင်း လူအယောက် ၅၀ ခန့်ပါသည့် ပူးတွဲရှာဖွေကယ်ဆယ်ရေးအဖွဲ့ကပြောသည်။

ယခုကဲ့သို့လှေတိမ်းမှောက်နစ်မြုပ်ရခြင်းသည် ရာသီဥတုဆိုးဝါးခြင်းကြောင့်ဖြစ်ကြောင်းနှင့် လှိုင်းများမှာအလွန်ကြီးကြောင်းသိရသည်။

Ref: Xinhua

### အမေရိကန်က ယူကရိန်းကို ဒုံးကျည်များနှင့်ဒရုန်းများ ထပ်မံထောက်ပံ့ပေးမည်

အမေရိကန်အစိုးရက ယူကရိန်းအစိုးရကို ဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် အမေရိကန်ဒေါ်လာ ၉၈၈ သန်းတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများထပ်မံထောက်ပံ့ပေးမည့်အစီအစဉ်ကို ဒီဇင်ဘာလ ၇ ရက်တွင် ထုတ်ဖော်ပြောဆိုလိုက်ကြောင်းသိရသည်။

အဆိုပါထောက်ပံ့မှုကို ယူကရိန်းလုံခြုံရေးထောက်ပံ့မှုအစီအစဉ်ရှိ ဒေါ်လာ ၂ ဒသမ ၂၁ ဘီလီယံမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်သည်။ အထူးသဖြင့် ယူကရိန်းကလိုအပ်သောစစ်လက်နက်ပစ္စည်းများကို အမေရိကန်ရှိလက်နက်တိုက်များမှထုတ်ပေးနေခြင်းထက် စက်မှုလုပ်ငန်းများမှဝယ်ယူပေးရန် ဂျိုးဘိုင်ဒင်အစိုးရ၏ကတိပြုမှုတစ်စိတ်တစ်ပိုင်းဖြစ်သည်။

ထိုသို့ဝယ်ယူပေးသွားမည့်စစ်လက်နက်ပစ္စည်းများတွင် အမေရိကန်နိုင်ငံရှိ လော့ဟိမာတင်ကုမ္ပဏီကထုတ်လုပ်နေသော HIMARS ဒုံးစနစ်များအတွက်ခဲယမ်းများနှင့် ဒရုန်းများအပြင် အမြောက်စနစ်အတွက် အပိုပစ္စည်းများပါဝင်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ထားသည်။

Ref: Yahoo

HEALTH

## ကိုဗစ်-၁၉ ရောဂါမျိုးကွဲများအားလုံးအပေါ် အာနိသင်သက်ရောက်မယ့် နန်နိုကာကွယ်ဆေး

တဲအဗစ်မြို့ရှိ ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးသိပ္ပံတက္ကသိုလ်နဲ့ လစ္စဘွန်း တက္ကသိုလ်တို့ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါမျိုးကွဲများအားလုံးအပေါ် အာနိသင် သက်ရောက်မှုရှိစေမယ့် ကာကွယ်ဆေး တစ်မျိုးကို ဖန်တီးတီထွင်လိုက်ပါတယ်။


အဲဒီကာကွယ်ဆေးကိုအသုံးပြုနိုင်ဖို့ အတွက် ဆေးထိုးအပ်မလိုပါဘူး။ တခြား ကာကွယ်ဆေးတွေလိုမဟုတ်ဘဲ အခန်း တွင်းအပူချိန်မှာတင် ထိန်းသိမ်းထားနိုင် ပါသေးတယ်။ ဒီတော့ ကရိကထများ တော့ဘူးပေါ့။

နန်နိုကာကွယ်ဆေးရဲ့အရွယ်အစား က အမှုန်မှုံသာရှိပြီး ပမာဏအားဖြင့် နန်နိုမီတာ ၂၀၀ သာရှိပါတယ်။ သူ့ကို အသုံးပြုမှုပုံစံက လက်ရှိအသုံးပြုနေတဲ့ နှာခေါင်းတွင်းဖျန်းဆေးရည်တွေလိုမျိုးပဲ အသုံးပြုနိုင်မှာဖြစ်တာကြောင့် ဆေးထိုး အပ်မလိုတာပါ။

အခုလိုမျိုး အများနဲ့မတူ တစ်မူထူးခြား တဲ့ ကာကွယ်ဆေးအမျိုးအစားကိုထုတ် လုပ်နိုင်ခြင်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများအတွက် ကာကွယ်ဆေးထိုး လုပ်ငန်းကို ပိုမိုအဆင်ပြေလွယ်ကူစွာလုပ် ဆောင်နိုင်စေရုံသာမကဘဲ အနာဂတ်မှာ ရိုးရှင်းထိရောက်ပြီးကုန်ကျစရိတ်သက် သာတဲ့ကာကွယ်ဆေးကို ထွက်ပေါ်လာ စေမှာဖြစ်ပါတယ်။

Ref: STD

K.H



## နှလုံးရပ်ခြင်းကိုကာကွယ်ပေးနိုင်မယ့် ပဲပိစပ်မှပရိုတင်း


Short-chain fatty acid လို့ခေါ်တဲ့ SCFA ဟာ နှလုံးရဲ့လုပ်ဆောင်ချက်ကို တိုးမြှင့်ပေးပြီး တစ်သျှူးပျက်စီးမှုကို လျော့ကျစေပါတယ်။ ဒါကြောင့် အဲဒီ SCFA အများအပြားထွက်ပေါ်လာစေဖို့က နှလုံး ကျန်းမာရေးအတွက် အရေးကြီးပါတယ်။ အခု ပညာရှင်များရဲ့လေ့လာမှုတွေအရ SCFA ကို ပိုမိုထွက်ပေါ်စေမယ့် နည်းလမ်း တစ်ရပ်ကိုတွေ့ရှိလိုက်ပါတယ်။ အဲဒီ နည်းလမ်းကတော့ ပဲပိစပ်မှရရှိတဲ့ပရိုတင်း ကိုစားသုံးပေးခြင်းပါပဲ။

နာဂိုယာတက္ကသိုလ်မှ သုတေသနအဖွဲ့ တစ်ဖွဲ့ဟာ ပဲပိစပ်မှရရှိတဲ့ပရိုတင်းများရဲ့ အကျိုးသက်ရောက်မှုကို ကြွက်တွေမှာ စမ်းသပ်ခဲ့တာပါ။ သူတို့ရဲ့စမ်းသပ်မှုအရ ဆိုရင် အဲဒီပရိုတင်းတွေကြောင့် ဗက်တီး ရီးယားတစ်မျိုးထွက်ပေါ်လာပြီး ဒီဗက်တီး ရီးယားကနေမှ SCFA များကိုဖြစ်ပေါ်စေ ကာ နှလုံးရပ်ခြင်းကိုကာကွယ်ပေးနိုင် တာကိုတွေ့ရှိရပါတယ်။

နှလုံးရောဂါရှိတဲ့ လူတော်တော်များ များက တခြားသောအာဟာရဖြည့်စွက် စာတွေကို စားလေ့ရှိကြပါတယ်။ အဲဒီလို ဖြည့်စွက်စာတွေထဲကမှ ပဲပိစပ်ဟာခေတ် တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝပြီး ရောင်ရမ်း မှုကိုလျော့ကျစေတဲ့ ဂုဏ်သတ္တိများကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့်သုတေသန ပညာရှင်များက ပဲပိစပ်ရဲ့ဂုဏ်သတ္တိများ အပေါ်အခြေခံပြီး အခုလိုမျိုးအကျိုးများ စေတဲ့ လေ့လာမှုကိုအောင်မြင်စွာလုပ်နိုင် ခဲ့တာဖြစ်ပါတယ်။

Ref: STD

K.H



AUTOMOBILE

## အသစ်ထုတ်ထားတဲ့ Xiaomi SU7 Ultra ကားရဲ့ ဘက်ထရီစွမ်းရည်နဲ့ ရောက်ရှိနိုင်စွမ်းအချက်အလက်ထွက်ပေါ်လာ




စမတ်ဖုန်းလောကမှာ နေရာတစ်ခုကို ရယူထားနိုင်ရုံသာမက လျှပ်စစ်စွမ်းအင် သုံးကားဈေးကွက်မှာလည်း နေရာတစ်ခု ရရှိအောင်ကြိုးပမ်းလာနေတဲ့ Xiaomi က သူတို့အသစ်ထုတ်ထားတဲ့ SU7 Ultra ကားရဲ့ ဘက်ထရီစွမ်းရည်နဲ့ ရောက်ရှိနိုင် စွမ်းအချက်အလက်များကို ထုတ်ဖော် ပြောလိုက်ပါတယ်။

သူ့မှာ CATL အမျိုးအစား ၉၃ ဒသမ ၇ ကီလိုဝပ်နာရီဘက်ထရီကိုတပ်ဆင်ပေး ထားတာကြောင့် စံချိန်တင်အကွာအဝေး အားဖြင့် ကီလိုမီတာ ၆၃၀ အထိရောက်ရှိ နိုင်တယ်လို့ တရုတ်နိုင်ငံ စက်မှုနဲ့သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာနက ဖော်ပြထားပါတယ်။

တန်ဖိုးအားဖြင့် တရုတ်ယွမ် ၈၁၄၉၀၀ ရှိတဲ့ Xiaomi SU7 Ultra ကို တရုတ်နိုင်ငံ မှာ လာမယ့်နှစ်မတ်လကနေစပြီး မှာယူ ထားသူများထံ ပို့ဆောင်ပေးသွားတော့ မှာဖြစ်ပါတယ်။

Ref: AEV

K.H

## တိုယိုတာက မျိုးဆက်သစ် EV များထုတ်လုပ်မယ့်အချိန်ကိုရွှေ့ဆိုင်း



ကားလောကရဲ့ဂုရုကြီးတစ်ပါးဖြစ်တဲ့ တိုယိုတာက အများမျှော်လင့်စောင့်စား နေကြတဲ့ မျိုးဆက်သစ် EV များထုတ်လုပ် မယ့်အချိန်ကို ရွှေ့ဆိုင်းလိုက်ပါတယ်။ မူလ က အဲဒီ EV တွေကို ၂၀၂၆ ခုနှစ်နှောင်းပိုင်း မှာထုတ်ဖော်ပြသသွားဖို့ စီစဉ်ထားတာပါ။

မျိုးဆက်သစ် EV များဆိုတဲ့အထဲမှာ အောက်တိုဘာလတုန်းက ဂျပန်ကားပြပွဲ မှာထုတ်ဖော်ပြသသွားတဲ့ Lexus LF-ZC နဲ့ LF-ZL စိတ်ကူးပုံစံများလည်းပါဝင်ပါ တယ်။ အခုတော့ အဲဒီကားတွေက ၂၀၂၇ ခုနှစ်အလယ်ပိုင်းမှသာ အစောဆုံးအနေ နဲ့ထွက်ပေါ်လာနိုင်ခြေရှိပါတယ်။

ဒီလိုမျိုး မျိုးဆက်သစ် EV တွေထုတ် လုပ်မယ့်အချိန်ကို ရွှေ့ဆိုင်းရတဲ့အဓိက အကြောင်းရင်းက ထုတ်လုပ်မှုနည်းပညာ အသစ်ကို ပိုပြီးပြည့်ပြည့်စုံစုံဖြစ်အောင်လို့ အချိန်ပိုယူတာဖြစ်တယ်ဆိုပြီး တိုယိုတာ ကပြောထားပါတယ်။ အဲဒီနည်းပညာတွေ ထဲမှာ ထုတ်လုပ်မှုကုန်ကျစရိတ်ကိုသက် သာစေမယ့် အကြီးစားပုံသွင်းနည်းလမ်း လည်းပါဝင်ပါတယ်။

Ref: AEV

K.H

## Lucid ရဲ့ Gravity SUV ထုတ်လုပ်မှုစတင်



အမေရိကန်နိုင်ငံရဲ့ မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Lucid က သူတို့ရဲ့ပထမဆုံးသော SUV အမျိုး အစားဖြစ်တဲ့ Gravity ကို စတင်ပြီးထုတ် လုပ်နေပြီလို့ဆိုပါတယ်။ အခုလိုမျိုးထုတ် လုပ်နိုင်ဖို့အတွက် အမှာစာတွေကိုပြီးခဲ့တဲ့ လကတည်းက လက်ခံခဲ့တာပါ။

အခုတော့ အမှာစာတွေကိုလက်ခံပြီး တစ်လအကြာမှာ အရီဇိုးနားပြည်နယ်ရှိ သူတို့ရဲ့ထုတ်လုပ်ရေးစက်ရုံမှာ ထုတ်လုပ် မှုတွေကိုစတင်ထုတ်လုပ်နေပြီလို့ ကြေညာ လာတာပါ။

ဈေးနှုန်းအားဖြင့် အမေရိကန်ဒေါ်လာ ၉၄၉၀၀ ကျသင့်မှာဖြစ်ပြီး လူခုနစ်ဦးအထိ လိုက်ပါနိုင်မယ့် Grand Touring အမျိုး အစားဖြစ်ပါတယ်။ ရောက်ရှိနိုင်တဲ့ခရီး အကွာအဝေးကတော့ ၇၀၈ ကီလိုမီတာ ဖြစ်ပြီး ဘီးလေးလုံးယက်ကားတစ်စီးဖြစ် ပါတယ်။

Ref: AEV

K.H

# ဟိုပုံးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ



**ဟိုပုံး ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ်၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဒေသအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းတွင် ဘက်စုံသုံး၊ လက်ဆေး၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ အဝတ်လျှော်အမွှေးရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲအမျိုးမျိုး၊ ဆပ်ပြာခရင်မ်၊ Body Scrub ထုတ်လုပ်မှု နည်းပညာများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပေးကြောင်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာရပ်များကို မိမိတို့နှင့်နီးစပ်ရာ ဒေသခံပြည်သူများထံသို့ လက်ဆင့်ကမ်းသင်ကြားပေးသွားကြရန် ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထွက်ကုန်ချောပစ္စည်းများကို အသီးသီးပေးအပ်ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာလ ၃ ရက်မှ ၇ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

(၄၀၅)

# လွိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်း တစ်ကေလျှင် ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိ

**ဘားအံ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ်တွင် ယခုနှစ်မိုးစပါးကေ လေးသိန်းနှစ်သောင်းခုနစ်ထောင်ကျော် စိုက်ပျိုးခဲ့ပြီး တစ်ကေအထွက်နှုန်း မှန်ကန်စွာ ရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက်ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၁၀၅၃ ကွက်ကို ရိတ်သိမ်းသွားမည်ဖြစ်ရာ ယမန်နေ့နံနက် ၁၀ နာရီက ပြည်နယ်မြေစာရင်းဦးစီးဌာနမှ လွိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ထီလုံအလယ်ကွင်းရှိတောင်သူ ဦးရာမူး၏ မိုးစပါးဆင်းသုခစိုက်ခင်း၌ စံကွက်ရိတ်သိမ်းရာ တစ်ကေ ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဓိကစားနပ်ရိက္ခာမှာ လယ်ယာကဏ္ဍမှ ရရှိသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တစ်ကေအထွက်နှုန်း မှန်ကန်စွာရရှိရေး စိုက်ပျိုးပြီးစီးသည့် မိုးစပါးကေများအနက် ကိုယ်စားပြုအလွှာ (ကောင်း)ကိုကိုယ်စားပြုသော ဆင်းသုခမိုးစပါးစိုက်ခင်းကို (၆ ဒသမ ၆ ပေ x ၆ ဒသမ ၆ ပေ)ပတ်လည် ဧရိယာ သုည ဒသမ ၀၀၁ ကေ စံကွက်သုံးကွက်အား ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းရာ တစ်ကေအထွက်နှုန်း ၁၁၁ ဒသမ ၁၅ တင်းထွက်ရှိသည်။

လွိုင်းဘွဲ့မြို့နယ်တွင် မိုးစပါး ၁၂၀၈၈၉ ကေစိုက်ပျိုးထားရှိပြီး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက် စံကွက်ပေါင်း ၃၁၅ ကွက်ကို ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြည်နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

(၄၀၆)



# ရွှေလောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု တိုင်းတာစစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်၊ လယ်ယာထွက်ကုန်များ သယ်ယူရောင်းချနိုင်စေရန်ရည်ရွယ်၍ ရွှေလောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းအရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မဖြင့် ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တိုင်းတာစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၃၁ ဒသမ ၇၁ သန်းဖြင့် Lucky Power -9 ကုမ္ပဏီမှ စက်တင်ဘာလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၄၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်ကြသည်။

ထိုသို့စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့်တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှု အောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ အားကစားလ (ဒုတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ အားကစားလ (ဒုတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများဆောင်ရွက်စဉ်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ 8 KVA မီးစက်တစ်လုံး၊ ဂွမ်းကပ်မွေ့ရာ ၃၀၀၊ စောင် ၃၀၀ နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဒီဇင်ဘာ ၈

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ လျှပ်စစ်မီးအခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ကံသာယာ ဓမ္မရိပ်သာကျောင်းတိုက်ကို 8 KVA မီးစက်လှူဒါန်းခြင်းနှင့် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဂွမ်းကပ်မွေ့ရာ ၃၀၀၊ စောင် ၃၀၀ နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာ ကံသာယာ ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပုဗ္ဗသီရိမြို့နယ် ကံသာယာဓမ္မရိပ်သာကျောင်းတိုက်နှင့် ကလေးမြို့နယ် ကံသာယာထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက်တို့၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနမထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘဒ္ဒန္တဇဝန မထေရ်မြတ်နှင့် ဆရာတော်ကြီးများထံ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အလှူရှင် ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဂွမ်းကပ် မွေ့ရာနှင့် စောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင် ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူက 8 KVA မီးစက်နှင့်ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် ဂွမ်းကပ်မွေ့ရာများ၊ စောင်များ၊ လှူဖွယ်ပစ္စည်းများနှင့် နယ်စပ်တောင်တန်းဒေသများရှိ သာသနာပြုဌာနများအတွက် သာသနာပြုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ဘဒ္ဒန္တဇဝနမထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဂွမ်းကပ်မွေ့ရာ ၃၀၀ နှင့် စောင်အထူ ၃၀၀ ကို ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ရေဘေးသင့်ကျောင်း ၁၇၉ ကျောင်းတို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိသည့်အတွက် ရေဖြူကျေးရွာ တောင်သူများ ဆောင်းသီးနှံများပါ စိုက်ပျိုးလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရေဖြူကျေးရွာအုပ်စု ရေဖြူ(အလယ်စု) ကျေးရွာတွင် ဆောင်ရွက်သည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းသည် ရာနှုန်းပြည့် အကောင်အထည်ဖော်ပြီးစီးပြီဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတောင်သူများအနေဖြင့် ရာသီမရွေး စိုက်ပျိုးရေအသုံးပြုနိုင်မည်ဖြစ်ပြီး ယခင်က မိုးရာသီ၌ စပါးနှင့်ပြောင်းတို့ကိုသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ဆောင်းသီးနှံဖြစ်သည့် နေကြာ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်နှင့်ရုတ်ပွတို့ကို သီးထပ်သီးညှပ်အနေဖြင့် တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဒေသခံတောင်သူများအတွက် ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် ဒေသလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုသည့်အတွက် ရှမ်းပြည်နယ်အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**(သတင်းစဉ်)**




## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
လယ်ဝေးမြို့နယ်၊ ကြံဖိုစုရွာနေ မဖြူဖြူနှင်း(ဘ)ဦးလှသောင်း ၉/လဝန(နိုင်)၂၇၆၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 332453)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၅၀၅၄၈၁

**ပျောက်ဆုံးကြောင်း**
ပျဉ်းမနားမြို့၊ ဥယျာဉ်စု(၄)လမ်းနေ မထွေးထွေး(ဘ)ဦးကြည်ဆောင် ၉/ပမန(နိုင်)၂၁၈၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(773102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၈၃၇၇၇၀

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပျဉ်းမနား၊ ဥယျာဉ်စု(၄)လမ်းနေ အောင်ပိုင်စိုး(ဘ)ဦးလှမြင့် ၁၄/ကပန(နိုင်)၂၀၉၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 773101)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၉၀၉၂၀၃

**ပျောက်ဆုံးကြောင်း**
ဒေါ်အိအိဇင်(ဘ)ဦးစန်းမြင့် ၁၀/မလမ(နိုင်)၁၃၄၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
ကျော်လွင်ထူး(ဘ)ဦးထွန်းဝေ ၁၀/ပမန(နိုင်)၁၇၆၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၂၀၀၀၇

**ပျောက်ဆုံးကြောင်း**
မဇလဲင်(ဘ)ဦးဆုမ်ထန်း ၅/ကလထ(နိုင်)၂၆၄၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၅၁၂၂၇၀

**ပျောက်ဆုံးကြောင်း**
ဝင်းမြင့်ထွန်း(ဘ)ဦးဝင်းမြင့် ၁၂/ဆကခ(နိုင်)၀၁၇၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၉၉၉၁၄

**ပျောက်ဆုံးကြောင်း**
တင်တင်ထွေး(ဘ)ဦးတင်ရွှေ ၈/ပခက(နိုင်)၂၄၆၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၀၇၂၇၄၇

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့ဦး(ဘ)ဦးသန်းဦး ၁၂/ဗတထ(နိုင်)၀၃၆၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၃၀၈၀၀၂

**ပျောက်ဆုံးကြောင်း**
မခေါင်(ဘ)ဦးမန်အင် ၁/မကတ(နိုင်)၁၂၃၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 203760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရွှန်းလဲ့ငြိမ်း(ဘ)ဦးလှလွန်းအောင် ၁၂/ဥကမ(နိုင်)၂၇၄၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 267229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

**ပျောက်ဆုံးကြောင်း**
မနီလာဝင်း(ဘ)ဦးတင်ရွှေ ၇/ပတန(နိုင်)၀၉၇၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 172581)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၃၉၆၈၄၈

**ပျောက်ဆုံးကြောင်း**
ဇင်မင်း(ဘ)ဦးတင်ထွန်း ၇/ညလပ(နိုင်)၁၆၉၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၆၁၄၇၈၀၂

**ပျောက်ဆုံးကြောင်း**
မခင်မေသစ်(ဘ)ဦးခင်မောင် ၉/ပမန(နိုင်)၀၀၆၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၄၄၄၃၅၂

**ပျောက်ဆုံးကြောင်း**
ငွေယုဝတီ(ဘ)ဦးညီညီဇော် ၇/ပမန(နိုင်)၂၃၀၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မွန်မြတ်ဝေ(ဘ)ဦးဝေလင်းဦး ၁၄/ကလန(နိုင်)၂၁၇၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နှင်းသက်ဝေ(ဘ)ဦးမောင်ညို ၇/တငန(နိုင်)၁၄၆၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထွန်းဇော်လတ်(ဘ)ဦးမောင်ဖြူ ၉/ကပတ(နိုင်)၁၄၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၇၆၂၇၆၅၀

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)–Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual(Series–500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer– 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($S_{02}$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက်ထရိုဂျင် ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td>လက်ခံ နိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5"></td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဒီဇင်ဘာလ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Yun San ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၁၂၅၉၈) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၃၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၉၄၆၄၅၄၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၅၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးစာတိုက်ကြီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၅၃၉၈၃၃၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မုတ္တမဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Dump Truck မြေသယ်ယာဉ် (၃)စီးနှင့် Honda Fit မော်တော်ယာဉ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၌ တရားမဝင်အခြားသစ်(၂ ဒသမ ၂၉၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၅၅၁၅၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၂၃၆)တန်၊ အခြားသစ် (သုည ဒသမ ၂၆၀)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၉၇၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဝန်းသိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုးနှင့် စားသောက်ကုန်ပစ္စည်း



အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၁၆၃၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၆၂၀၂၆၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၈၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၁၂၆၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၄၂၃၅၇၉၈)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မကွေးမြို့တွင် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်လှစ်

မကွေး ဒီဇင်ဘာ ၈

မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှုဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းမှာ မီးသတ်တပ်ဖွဲ့ဝင်များ အနာဂတ်ကာလတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ရန်၊ တပ်ဖွဲ့အတွင်း Men Power ၊ Equipment Power များ တိုးတက်လာသည်နှင့်အညီ Technology Power ကိုပါ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် တိုးတက်လာပြီး ဌာန၏ရည်မှန်းချက်



အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူရရှိနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်းရှိမီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူ ၂၁ ဦးတက်ရောက်ပြီး သင်တန်းတွင် သင်တန်းနည်းပြများက ရက်သတ္တတစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

တင်ဆန်းဦး










အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။



❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ် . . .

❖ ပညာရေးသည်အခြေခံဖြစ်သဖြင့် အဓိကကျ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပြီးစီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အားကစားနည်းလေးမျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်၊ ထိုင်လျက်ဘော်လီဘော အားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ ၅ ရက်မှ စတင်ကျင်းပခဲ့ရာ ဒီဇင်ဘာလ ၈ ရက်တွင် ပြိုင်ပွဲများပြီးဆုံးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအသင်းမှရွှေတံဆိပ် ၁၃ ခု၊ငွေတံဆိပ်ခုနစ်ခု၊ကြေးတံဆိပ်ခုနစ်ခု၊ပဲခူးတိုင်းဒေသကြီးအသင်းမှရွှေတံဆိပ်ဆု ၁၂ ခု၊ငွေတံဆိပ်ခုနစ်ခု၊ကြေးတံဆိပ်ကိုးခု၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ကိုးခု၊ မွန်ပြည်နယ်အသင်းမှ ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ၁၂ ခု၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ငါးခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ခုနစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုးဖြင့် ကျင်းပလျက်ရှိရာ ဒီဇင်ဘာလ ၈ ရက် ပွဲစဉ်များပြီးဆုံးချိန်တွင်ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများ၏ ဆုတံဆိပ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်။


(သတင်းစဉ်)

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၃ | ၁ | ၂ | ၆ |
| ၂ | ရှမ်း | ၁ | ၃ | - | ၄ |
| ၃ | တနင်္သာရီ | ၁ | ၂ | - | ၃ |
| ၄ | နေပြည်တော် | ၁ | ၁ | ၁ | ၃ |
| ၅ | မန္တလေး | ၁ | - | ၅ | ၆ |
| ၆ | မွန် | ၁ | - | - | ၁ |
| ၇ | စစ်ကိုင်း | ၁ | - | - | ၁ |
| ၈ | ကရင် | - | ၁ | - | ၁ |
| ၉ | ရခိုင် | - | ၁ | - | ၁ |
| ၁၀ | ပဲခူး | - | - | ၃ | ၃ |
| ၁၁ | ကချင် | - | - | ၁ | ၁ |
| စုစုပေါင်း | | ၉ | ၉ | ၁၂ | ၃၀ |

## (၈.၁၂.၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀) ကျပ်ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည်အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာလ ၁၁ ရက်တွင်ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

**ဆောင်းပါး**

**နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာတော့မည့် အမျိုးသားအားကစားပွဲတော်** စာ - ၁၃ သို့

**အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်(၁၅) ဘောလုံးပွဲရလဒ်များ**

| | | |
|---|---|---|
| မန်ယူ | ၂ - ၃ | နော်တင်ဟမ် |
| ဖူဟမ် | ၁ - ၁ | အာဆင်နယ် |
| အစ်ဆွစ် | ၁ - ၂ | ဘုန်းမောက် |
| လက်စတာ | ၂ - ၂ | ဘရိုက်တန် |


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)　မြန်မာပြည်တွင်ထုတ်လုပ်သည်　သကြားဖြူ White Sugar